# ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 February 2021 ၁၀၂၈၀


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

# (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ သွေးချင်းတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင်ကျရောက်သည့် (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခါသမယတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ကိုယ်စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်လာခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အေးအတူ ပူအမျှ သွေးသားရင်းချာ ညီအစ်ကိုများအဖြစ် အမိမြေပေါ်တွင် အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထိုသို့ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့သော်ငြား ကိုလိုနီနယ်ချဲ့တို့ မြန်မာ့မြေပေါ်သို့ရောက်ရှိလာချိန်မှစ၍ သွေးခွဲအုပ်ချုပ်မှုများကြောင့် တဖြည်းဖြည်းချင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ ၁၉ ရာစုနှောင်းပိုင်း၌ နယ်ချဲ့အင်္ဂလိပ်တို့ သွေးတိုးစမ်း ကျူးကျော်လာခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း အဖိုးတန်သစ်၊ ဝါး၊ ပရဆေးပင်များပေါများခြင်း၊ ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်ခြင်းနှင့် မြေအောက်ရေအောက်သဘာဝသယံဇာတတွင်းထွက်များ ပေါများခြင်းတို့ကြောင့် မြန်မာနိုင်ငံအား စီးပွားရေးစားကျက်နယ်မြေအသစ်အဖြစ် လက်ဝါးကြီးအုပ်လိုသည့် ကိုလိုနီနယ်ချဲ့တို့သည် ကျူးကျော်စစ်ပွဲများဆင်နွှဲကာ အတင်းအဓမ္မသိမ်းပိုက်ခဲ့ကြပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတားတစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်းပြီးစီး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၆

စီးပွားရေးမြို့တော် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် တံတားတစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ရန်ကုန်ဘက်ခြမ်း ရေလယ်ပင်မတံတား ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ

**စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြင့်တင်နိုင်ရေးဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၃

**ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်**

စာမျက်နှာ » ၅

**ကိုယ်တွေ့သည်းခြေကျောက်တည်ရောဂါ**

စာမျက်နှာ » ၆




# ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

ကြေးမုံ

## စိတ်ချယုံကြည် ကာကွယ်ဆေးထိုးကြပြီ

မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို နိုင်ငံတစ်ဝန်းတွင် ပြုလုပ်ပေးလျက်ရှိသည်။ ကျန်းမာရေးမျက်နှာစာတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းပြည်သူများအား ဦးစွာထိုးနှံပေးခဲ့ပြီး ဦးစားပေးအဆင့်အလိုက် ကာကွယ်ဆေးထိုးနှံရေးကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့မှစတင်၍ နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများမှ အရာထမ်းများနှင့် သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ စေတနာ့ဝန်ထမ်းများအပါအဝင် ကာကွယ်ဆေးထိုးနှံပြီးသော လူဦးရေ နှစ်သောင်းကျော်ရှိပြီဖြစ်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်၍ ထူးထူးခြားခြား ကြီးကြီးမားမား နောက်ဆက်တွဲလက္ခဏာများ မရှိသည်ကို တွေ့ရသဖြင့် ကာကွယ်ဆေးဆက်လက်ထိုးနှံကြမည့် ပြည်သူများအနေဖြင့် စိတ်ချယုံကြည်စွာ ဆေးထိုးနှံနိုင်ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံရမည်ဖြစ်ပြီး နှစ်ကြိမ်ထိုးနှံပြီးလျှင် စိတ်ချရမည့်အနေအထားဖြစ်သော်လည်း အပြည့်အဝတော့ မဟုတ်ပေ။ ကာကွယ်ဆေးထိုးပြီးသော်လည်း လူစုလူဝေးရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်းတို့ကို ဆက်လက်ပြုလုပ်သွားမှ စိတ်ချရမည်ဖြစ်သည်။ ပြည်ပမှ ကာကွယ်ဆေးပထမအကြိမ်ရောက်ရှိခဲ့ပြီး မကြာမီတွင် ဒုတိယအကြိမ်ရောက်ရှိကာ ဆက်လက်၍လည်း လစဉ်အဆက်မပြတ်ရောက်ရှိနေမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လူတိုင်းလူတိုင်း ပြည်သူတိုင်းအား ထိုးနှံပေးမည်ဖြစ်ပြီး ကာကွယ်ဆေးမထိုးမီ မှတ်ပုံတင်ခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးထဲရှိ အောက်ဆီဂျင်ပမာဏကို တိုင်းတာခြင်းနှင့် အပူချိန်တိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပေးသည်။ ဆေးမထိုးမီလုပ်ငန်းစဉ်များ ပုံမှန်ဖြစ်မှသာ ကာကွယ်ဆေးထိုးနှံပေးသည်။ အကယ်၍ ဆေးမတည့်မှုရှိခဲ့ပါက ဆက်လက်ကုသမှုများ ပြုလုပ်ပေးသည်။ ဆေးထိုးမည့်သူသည် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ပါက သမားတော်များအဖွဲ့နှင့် ကုသပေးနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း အတွေ့အကြုံများ အတော်အသင့်ရရှိလာခဲ့ပြီဖြစ်သည်။ ဆေးမထိုးမီ၊ ဆေးထိုးစဉ်၊ ဆေးထိုးပြီး ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများ၊ ကာကွယ်ဆေးထိုးသင့်သောသူ၊ မထိုးသင့်သောသူများကို ရွေးချယ်ခွဲခြားပေးပြီး ပြည်သူ့ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို စေတနာ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများက စေတနာရှေ့ထားဆောင်ရွက်ပေးနေကြသည်။ နိုင်ငံသားအားလုံးအတွက် ကာကွယ်ဆေးများ အလုံအလောက်ရရှိနိုင်ပြီး တစ်နိုင်ငံလုံးအတွက် ကာကွယ်ဆေးထိုးနှံပေးရေးမှာလည်း အခက်အခဲများ ရှိလိမ့်မည်မဟုတ်ပေ။ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အပိုင်း၊ ကာကွယ်ဆေးထိုးသည့်အပိုင်းတို့တွင် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုမဖြစ်အောင် အဘက်ဘက်က ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို စတင်နေပြီဖြစ်သည်။ သက်ကြီးရွယ်အိုများအနေဖြင့် ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်၍ ကနဦးတွင် စိုးရိမ်ပူပန်မှုရှိခဲ့သော်လည်း လက်ရှိအချိန် ကာကွယ်ဆေးထိုးပြီးသည်အထိ သက်ကြီးရွယ်အိုများ ကာကွယ်ဆေးထိုးပေးမှုမှာ ပိုမိုကောင်းမွန်သည်ဟု သိရ၍ ဝမ်းမြောက်မိသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ပြည်သူအားလုံး၏ မျှော်လင့်ချက်ဖြစ်သည်။ လက်ရှိအချိန်ကာလတွင် ကိုဗစ်-၁၉ရောဂါကို ကုသရေးထက် ကာကွယ်၊ ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်နိုင်သော အချိန်အခါဖြစ်သည်။

ကိုဗစ်-၁၉ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာချိန်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို စဉ်ဆက်မပြတ် ထိုးနှံပေးနိုင်ခြင်းသည် အတိုင်းထက်အလွန် ဝမ်းမြောက်စရာဖြစ်သည်။ အသက်အရွယ်ကြီးရင့်သောသူများအနေဖြင့် ကိုယ်ခံအားစနစ် ကျဆင်းအားနည်းနေသောကြောင့် ရောဂါအလွယ်တကူဝင်ရောက်နိုင်သောအရွယ်ဖြစ်ရာ အနာရောဂါတစ်ခုခု နှိပ်စက်ခံရပါက ပြန်လည်နာလန်ထူရန် မလွယ်သောအရွယ်ဖြစ်သည်။ ယခုကဲ့သို့ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါအန္တရာယ် ကင်းဝေးပြီး စိတ်ချလက်ချ အသက်ရှည်ကြာ နေထိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပြဿနာများ အမျိုးမျိုးအဖုံဖုံရှိသော်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဘက်၊ ကူးစက်ကပ်ရောဂါ ကာကွယ်ရေးဘက်တို့တွင် ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ပူပန်ဖွယ်ရာ အလျှင်းမဖြစ်စေရဘဲ စိတ်ချယုံကြည်စွာဖြင့် ကာကွယ်ကုသစောင့်ရှောက်မှုများကို ပေးနေပြီဖြစ်ပါကြောင်း။ ။




### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - | ဦးဝေမင်းသူနှင့်အဖွဲ့ |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ထိုသို့ နယ်ချဲ့တို့၏ မတရားကျူးကျော်ပြုမူခြင်းများကို မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက တွန်းလှန်ခဲ့ကြရာတွင် မိုးနဲစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ မိုင်းနောင်စော်ဘွား၊ မောက်မယ်စော်ဘွား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွား စသည်တို့ဦးဆောင်သည့် ရှမ်းတိုင်းရင်းသားများကလည်း မြန်မာတိုင်းရင်းသားများနှင့် တစ်သွေးတည်းတစ်သားတည်း လက်တွဲ၍ နယ်ချဲ့များအား တွန်းလှန်တိုက်ထုတ်ခဲ့ကြပါသည်။

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးပြည်နယ်တစ်ခုဖြစ်သကဲ့သို့ အေးချမ်းသာယာလှပပြီး တောတောင်ရှုခင်းများနှင့် ပြည့်နှက်လျက်ရှိသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ သဘာဝကဖန်တီးပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ ရေထွက်ခေါ်စမ်းရေပေါက်များနှင့် ရေပူစမ်းများ၊ လိုဏ်ဂူများ၊ တန်ခိုးကြီးဘုရားများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိသော်ငြား အားလုံးသည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြပါသည်။ မိမိတို့ ညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချမှုကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြဖို့ လိုအပ်ပါသည်။ ရှိရင်းစွဲ နယ်မြေအေးချမ်းတည်ငြိမ်မှုများကို ယခုထက်မက ပိုမိုတည်ငြိမ်အေးချမ်းအောင် အားထုတ်ကြိုးပမ်းမှသာ မြင့်မားသောလူ့အသိုင်းအဝိုင်းတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့်လည်း ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အမျိုးဘာသာသာသနာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မူးယစ်ကင်းစင်စေရေး အစရှိသော ကဏ္ဍပေါင်းစုံတွင် တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုနှင့်အတူ အမြော်အမြင်ကြီးမားလှသော တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်အမြင်ကြောင့် လွတ်လပ်ရေးရှေ့ပြေးဖြစ်သည့် ပင်လုံစာချုပ်ကို ညီညွတ်မှုအရင်းတည်၍ ချုပ်ဆိုနိုင်ခဲ့ပါသည်။ မျိုးဆက်သစ်ရှမ်းတိုင်းရင်းသားများအနေဖြင့် လွတ်လပ်ရေးကို တန်ဖိုးထားပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ရင်ဝယ်ပိုက်သော ကိုယ်ကျိုးမဖက် ဘိုးဘေးစဉ်ဆက် ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ သန့်စင်မွန်မြတ်သော မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များကို အားကျအတုယူကာ လက်ဆင့်ကမ်းအမွေအဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် လိုအပ်ပါသည်။ အတိတ်သမိုင်းမှာ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရင်း (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် နေပြည်တော်ပုံနှိပ်စက်ရုံနှင့် နိုင်ငံပိုင်သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းကောင်းရန်၊ စေတနာကောင်းရန်နှင့် စွမ်းဆောင်ရည်ကောင်းရန် လိုအပ်မှုတို့ကို ဆွေးနွေးမှာကြားပြီး နေပြည်တော်ပုံနှိပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမ၌ မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတိုက်တို့မှ စာတည်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အရည်အသွေးမြင့်ပြီး စီမံဆောင်ရွက်ရေး၊ ရှင်းရှင်းလင်းလင်းလုပ်ကိုင်ဆောင်ရွက်ရေး၊ တိကျစေရေး၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးနှင့် အမြဲလေ့ကျင့်နေရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**





# စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး ဆွေးနွေးပွဲ ကျင်းပ

**ဖာပွန် ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သက်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းစာကြည့်တိုက်များနှင့် ကျေးရွာစာကြည့်တိုက်များရှိ တာဝန်ခံများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇေယျာအောင်က ကလေးများအတွက် ပြိုင်ပွဲများကျင်းပပေးခြင်းသည် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းတွင် များစွာအထောက်အကူဖြစ်ကြောင်းနှင့် ကျောင်းစာကြည့်တိုက်များ၊ ကျေးရွာစာကြည့်တိုက်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းစာကြည့်တိုက်များနှင့် ကျေးရွာစာကြည့်တိုက်များရှိ တာဝန်ခံများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖေဖော်ဝါရီ ၃ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး ကောလာဟလများနှင့် ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညို

**ရန်ကုန် ဖေဖော်ဝါရီ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့မွန်းလွဲ ၂ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ(သန်လျင်မင်းကျောင်းဆရာတော်) အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်းမ၌ ဖူးမြော်ကြည်ညိုသည်။

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုတောင်းသောကာလအတွင်း လုပ်ရိုးလုပ်စဉ်နှင့် လုပ်ဆောင်ဆဲလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စုပေါင်းခေါင်းဆောင်မှုစနစ်နှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သာသနာရေးကိစ္စ ဆောင်ရွက်ရာတွင် သာသနာတော်တည်တံ့ပြန့်ပွားစေရေးအတွက် အားပေးထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်တိုးတက်ထွန်းကားစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ၁၀ လတာကာလအတွင်း ဖူးမြော်ခွင့်ပိတ်ထားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီများအား ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ ဖူးမြော်ခွင့်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးစားပေးအနေဖြင့် ဖေဖော်ဝါရီ ၈၊ ၉ ရက်တို့တွင် ရဟန်း၊ သာမဏေ၊ သီလရှင်များကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းပုဂ္ဂိုလ်များကိုလည်းကောင်း၊ နောက်ပိုင်းရက်များတွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများအားလည်းကောင်း ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ ဒေသအသီးသီးရှိ ဘုရားစေတီပုထိုးများကို ဖူးမြော်ခွင့်ပြုရေးအတွက် သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးရှိ တာဝန်ရှိသူများထံ အသိပေးအကြောင်းကြားပြီးဖြစ်ကြောင်း လျှောက်ထားသည်။

**ဩဝါဒကထာမိန့်ကြား**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဩဝါဒကထာမိန့်ကြားရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို တာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များအနေဖြင့် သာသနာရေးနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ခွင့်ရခြင်းသည် ကုသိုလ်ကံအလွန်ကောင်းမွန်ခြင်းကြောင့် ဆောင်ရွက်ခွင့်ရရှိသည်ဟု ရှေးဦးစွာ ဝမ်းမြောက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအခွင့်အရေးရရှိသည့်ကာလတွင် ဦးဆောင် ဆောင်ရွက်သည့်ပုဂ္ဂိုလ်များအနေဖြင့် လိုက်နာကျင့်သုံးရမည့် လိုက်နာကျင့်သုံးဖွယ်ရာများကို မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်တွင် မှတ်တမ်းပြုထားသည်မှာ "ဥက္ကဋ္ဌလူ၊ ဖြစ်လိုမူကား သူများထက်သာ ကရုဏာနှင့် မေတ္တာပွားမှု သည်းခံပြုက ဂုဏ်ထူးရ"ဟု မိန့်တော်မူထားပါကြောင်း၊ အကြီးအကဲ တစ်ယောက်ဖြစ်လာပါက "သူများထက်သာ ကရုဏာ" ဟူသော စကားအတိုင်း အခြားခြားသော ပုဂ္ဂိုလ်များထက်သာလွန်သော ကရုဏာတရားထားရှိရမည်ဖြစ်ကြောင်း၊ မေတ္တာဟူသည်မှာလည်း "ဟိတကာရပဝတ္တိ လက္ခဏာ မေတ္တာ" ဟုဆိုသည့်အတိုင်း အစီးအပွားကို ဖြစ်စေလိုသောစိတ်ကိုပင် မေတ္တာဟုခေါ်ဆိုရမည်ဖြစ်ကြောင်း၊ ထို့နောက် "သည်းခံပြုမှ ဂုဏ်ထူးရ" ဆိုသည့်အတိုင်း သည်းခံခြင်း ခန္တီဆိုသည့် သဘောတရားကို လက်ကိုင်ထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုတရား(၃)မျိုး လက်ကိုင်ထားဆောင်ရွက်ပါက ဂုဏ်ထူးရဆိုသည့်အတိုင်း ကြီးပွားချမ်းသာခြင်းများ ရရှိနိုင်သောကြောင့် အကြီးအကဲပုဂ္ဂိုလ်များအနေဖြင့် ကရုဏာ၊ မေတ္တာ၊ ခန္တီတရားများ လက်ကိုင်ထားဆောင်ရွက်ပါဟု ဆရာတော်ကြီးက မိန့်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်က စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

**လွတ်လပ်စွာ ဆောင်ရွက်နိုင်မည်**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တပ်မတော်မှ တာဝန်ယူပြီးသည့်နောက် စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်အား ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မိမိတို့၏ ရည်မှန်းချက် တာဝန်များကို လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အောင်မြင်အောင် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် ကောလာဟလသတင်းများ များပြားလျက်ရှိသဖြင့် မမှန်ကန်သည့် သတင်းများကို အောက်ခြေအထိ ချပြရှင်းလင်းရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ သိရှိဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုသည် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အား လွတ်လပ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာပါက ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် အခြေခံလူမှုစီးပွားများ ထိခိုက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်း မူလအစီအစဉ်အတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမှာစကား ပြောကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသည့် ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**







# ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေး ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများဖြစ်သည့် ညောင်ဦးမြို့၊ မဏိစည်သူဈေး ၊ ဘုန်းစင်အခွန်လွတ်ဈေးနှင့် ပုဂံမြို့သစ်ဈေးကြီးတို့တွင် ဈေးသူဈေးသားများနှင့် ဈေးဝယ်လာ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်



အရာရှိ ဦးတင်မြင့်(ဒုတိယညွှန်ကြားရေးမှူး)က မြို့နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများဖြစ်သည့် မဏိစည်သူဈေး၊ ဘုန်းစင်အခွန်လွတ်ဈေးနှင့် ပုဂံမြို့သစ်ဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါ အန္တရာယ် ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဈေးရောင်းဈေးဝယ်သူများအနေဖြင့် လိုက်နာရန် ချမှတ်ထားသော စည်းကမ်းချက်များကို အထူးဂရုပြု လိုက်နာဆောင်ရွက်သွားကြစေလိုကြောင်း၊ အထူးသဖြင့် ဈေးရောင်းချရာတွင် လူစုလူဝေးမဖြစ်စေရေး သတ်မှတ်နေရာများတွင် စနစ်တကျ ရောင်းချရန်နှင့် နှာခေါင်းစည်း၊ လက်အိတ်၊ မျက်နှာအကာများ စနစ်တကျ ဝတ်ဆင်၍ ရောင်းချစေလိုကြောင်း၊ ဈေးများပိတ်သိမ်းချိန်တွင် တာဝန်ကျဝန်ထမ်းများအနေဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းနှင့် ဈေးဝင်ပေါက် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာရည်များ ဖြည့်တင်းထားရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဈေးအကျိုးတော်ဆောင်များနှင့် လုပ်ငန်းရှင်များက ဈေးများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးကြရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါအား ထိရောက်စွာကာကွယ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**
နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ခွင့်ပြုသွားမည်ဖြစ်ရာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးနှင့် ဘုရား၊ စေတီပုထိုးများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းလုပ်အားပေး**

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်နှင့် အထက်ပစ္စယာ သန့်ရှင်းသာယာမှုရှိစေရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းလုပ်အားပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားတို့၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးကြပြီး ထိုသို့ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတို့ရှိတန်ခိုးကြီးဘုရား၊ စေတီများ၌ ဘုရားရင်ပြင်တော်များ၊ ကျောင်းဆောင်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ရန်ကုန်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အဆောက်အဦများ၊ ဝင်လမ်း၊ ထွက်လမ်းနေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ကျောက်တော်မြို့ မဟာကံကြီးရှင်ဘုရား၌ နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။



မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ စေတီများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

**❖ ကိုရီးယား-မြန်မာမှ**

ရန်ကုန်-ဒလ မြစ်ကူးတံတားတည်ဆောက်ရာတွင် လက်ရှိအချိန်၌ ရန်ကုန်မြစ်အတွင်း ပင်မတံတား ရေလယ်တိုင် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများအနေဖြင့် PY1၊ PY2 တို့၏ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ဒလဘက်ခြမ်းရှိ PY1 အတွက် ဘိုးပိုင် ၂၃ လုံးအနက် ဘိုးပိုင်အလုံး ၂၀၊ ရန်ကုန်ဘက်ခြမ်းရှိ PY2 အတွက် ဘိုးပိုင် ၂၃ လုံးအနက် ဘိုးပိုင်အလုံး ၂၀၊ ပင်မတံတား ရေလယ်တိုင် ဘိုးပိုင်တူးဖော်ခြင်း စုစုပေါင်းဘိုးပိုင်အလုံး ၄၀ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရန်ကုန်နှင့်ဒလ ချဉ်းကပ်တံတားများ ဘိုးပိုင် ၂၅၅ လုံး ပြီးစီး**

တံတားတည်ဆောက်ရာတွင် ဒလဘက်ခြမ်း ချဉ်းကပ်တံတားအတွက် ဘိုးပိုင်ပေါင်း ၁၄၁ လုံးအနက် ဘိုးပိုင် ၁၂၅ လုံး ပြီးစီးလျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၉ ရာခိုင်နှုန်း၊ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအတွက် ဘိုးပိုင်ပေါင်း ၈၂ လုံးအနက် ဘိုးပိုင် ၇၁ လုံးပြီးစီးပြီဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း၊ တံတားတစ်စင်းလုံး၏ ဘိုးပိုင်စုစုပေါင်း ၃၆၉ လုံးရှိသည့်အနက် ဘိုးပိုင် စုစုပေါင်း ၂၅၅ လုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

ထို့အတူ ရန်ကုန်ဘက်ခြမ်း ဆင်ခြေလျှောတံတား Ram A ဘိုးပိုင် ၄၈ လုံးအနက် ဘိုးပိုင် လေးလုံး၊ Ram B ဘိုးပိုင် ၅၂ လုံးအနက် ဘိုးပိုင် ၁၅ လုံး တူးဖော်ပြီးစီးလျက်ရှိသည်။ လက်ရှိအချိန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရေလမ်းကြောင်းအန္တရာယ်ကင်းရှင်းစေရေး**

ရန်ကုန်မြစ်အတွင်း ရေလယ်ပင်မတံတား ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံတားစီမံကိန်း ဧရိယာလုပ်ငန်းခွင်နှင့် ရေလမ်းကြောင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် တံတားတည်ဆောက်ရေးစီမံကိန်းမှ ရေယာဉ်ငယ် နှစ်စင်းဖြင့် အနီးကပ်စောင့်ကြည့်လျက်ရှိရာ ဖြတ်သန်းသွားလာကြမည့် သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ၊ မြစ်တွင်းသွားရေယာဉ်များအနေဖြင့် အချက်ပြဗော်ယာများကို မြစ်အတွင်းရှိ ဒလဘက်ခြမ်းနှင့် ရန်ကုန်ဘက်ခြမ်းတို့တွင် အမှတ်အသားများထားရှိပြီး သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ) မြစ်ကူးတံတားမှာ စုစုပေါင်းအရှည် ၆၁၂၈ ပေ၊ ပင်မတံတား အရှည် ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၈၉၁ ပေ၊ ချဉ်းကပ်တံတားအကျယ်(နှစ်လမ်းသွား) ၄၇ ပေ၊ ဒလဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၉၇၂ ပေ၊ ချဉ်းကပ်တံတားအကျယ်(လေးလမ်းသွား) ၆၈ ပေ၊ ပင်မတံတားအကျယ်(လေးလမ်းသွား) ၈၇ ပေ၊ ရန်ကုန်ဘက်ခြမ်း ဆင်ခြေလျှောတံတားများအကျယ်(တစ်လမ်းသွား) ၂၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၁၆၀၊ ရေလမ်းကင်းလွတ်အကျယ် ၉၈၈ ပေ၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန်၊ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းတံတားအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံ၌ သံမဏိကြိုးဆိုင်းတံတားများတွင် အကြီးဆုံးနှင့် အရှည်ဆုံးတံတားတစ်စင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် မေလတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

**ဆက်သွယ်သွားလာနိုင်မည်**

ဒလမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များရှိ ဒေသခံပြည်သူများ၊ နယ်မြေတစ်ဆက်တည်းရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများပါ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ ကုန်စည်စီးဆင်းမှုများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(IPRD)**

■

# ကိုယ်တွေ့သည်းခြေကျောက်တည်ရောဂါ

**တက္ကသိုလ်မောင်သုလှိုင်**

> **တကယ်တော့ သည်းခြေအိတ်ကျောက်တည်ရောဂါဟာ ကြိုတင်ကာကွယ်လို့ရတဲ့ရောဂါပါပဲ။ အစားအသောက်နဲ့ နေထိုင်မှုပုံစံကို ပြုပြင်ဆင်ခြင်ဖို့ပဲလိုပါတယ်။ အသက်လေးဆယ်ဝန်းကျင်မှာ အများဆုံးစတင်ဖြစ်ပွားတတ်တာမို့ ကျန်းမာရေးစစ်ဆေးခြင်း၊ အာထရာဆောင်းရိုက်ခြင်းဖြင့် စမ်းသပ်သိရှိသတိပြုသင့်ပါတယ်။ အဓိကကတော့ မိမိခန္ဓာကိုယ်မှာ ဘာရောဂါတွေရှိနေတယ်ဆိုတာ လူတိုင်းသိထားဖို့ပဲလိုပါတယ်။ အဲဒီလိုဆိုရင် ကာကွယ်ကုသဖို့ အလွန်လွယ်ကူလှပါတယ်။**

သည်းခြေကျောက်တည်ရောဂါဟာ ယနေ့အခါ မြန်မာနိုင်ငံမှာ လူသိများလာတဲ့ရောဂါဖြစ်ပြီး အဖြစ်လည်းများလာတာ လေ့လာတွေ့ရှိရပါတယ်။ လူသိများတယ်ဆိုပေမယ့်လည်း မိမိခန္ဓာကိုယ်မှာ သည်းခြေကျောက်ရှိနေတာကို အမှတ်တမဲ့နဲ့ မသိနိုင်ကြပါဘူး။ ဒါကလည်း အဲဒီရောဂါ (တစ်နည်းအားဖြင့်) သည်းခြေအိတ်ထဲက ကျောက်တွေဟာ ဖြစ်စကနဦးမှာ လူကိုဒုက္ခမပေးတတ်လို့ပဲ ဖြစ်ပါတယ်။ အခြားရောဂါတစ်ခုခုကြောင့် ခန္ဓာကိုယ်ကို အာထရာဆောင်းရိုက်တဲ့အခါကျမှ သည်းခြေအိတ်ထဲမှာ ကျောက်အချို့ရှိနေတာကို တွေ့ရတတ်တာဖြစ်ပါတယ်။

စာရေးသူလည်း လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်ကစပြီး သည်းခြေအိတ်ထဲမှာ ကျောက်တွေရှိနေတာကို သိခဲ့ရပါတယ်။ ဒါကလည်း အူအတက်ရောင်စပြုနေတာကို သတိထားမိပြီး ဆရာဝန်ကိုပြသ၍ အာထရာဆောင်းရိုက်ကြည့်ရာကနေ တစ်ဆက်တည်း တွေ့ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့မှ စတွေ့တယ်ဆိုပေမယ့် ဘယ်အချိန်ကတည်းက ကျောက်စတည်နေတယ်ဆိုတာတော့ လက္ခဏာမပြတဲ့အတွက် မသိနိုင်ခဲ့ပါဘူး။

အူအတက်ရောင်လို့ သွားပြစဉ်က ဆရာဝန်က အူအတက်ရောင်ခါစဖြစ်တဲ့အတွက် မခွဲလည်းရသေးတယ်။ ဆေးထိုးရင်တော့ အရောင်ကျသွားနိုင်တယ်ဆိုလို့ ဆရာဝန်ဆီ နေ့စဉ် ဆေးတစ်လုံးစီ ဆယ်ရက်ထိုးပြီး သက်သာသွားခဲ့ပေမယ့် သည်းခြေကျောက်တည်ရောဂါရှိနေပြီလို့ သိလိုက်ရတဲ့အတွက် စိတ်မသက်မသာဖြစ်ခဲ့တာတော့ အမှန်ပါပဲ။ အဲဒီတုန်းက ဆရာဝန်က အူအတက်ရောင်တာ အခုဆေးထိုးလို့ သက်သာသွားပေမယ့် နောင်သုံးနှစ်အတွင်းမှာ အခန့်မသင့်ရင် ပြန်ဖြစ်နိုင်သေးတယ်၊ အစားအသောက်သတိပြုပါဆိုလို့ အူအတက်အတွက်လည်း စိုးရိမ်ခဲ့ရပါသေးတယ်။ ကံအားလျော်စွာ ၁၀ နှစ်ကျော်တဲ့တိုင် ပြန်မဖြစ်တော့လို့ စိတ်အေးခဲ့ရပါသေးတယ်။ (သည်းခြေအိတ်နဲ့ အူအတက်ရောင်ရောဂါဆက်စပ်ပုံကို နောက်ပိုင်းမှာ ဖော်ပြသွားပါမည်။)

ဘာပဲဖြစ်ဖြစ် စာရေးသူသိလိုက်ရတာကတော့ မိမိခန္ဓာကိုယ်ထဲမှာ သည်းခြေကျောက်တည်ရောဂါရှိနေတယ်ဆိုတဲ့အချက်ပါ။ တကယ်တော့ လူတိုင်းဟာ မိမိခန္ဓာကိုယ်ထဲမှာ ဘာရောဂါရှိနေတယ်ဆိုတာ သိထားဖို့ပဲလိုပါတယ်။ ဒါမှ အစစအရာရာ ဆင်ခြင်နိုင်မှာဖြစ်ပါတယ်။

သည်းခြေကျောက်တည်တဲ့ရောဂါနဲ့ ပတ်သက်လို့ ဆရာဝန်ကို မေးမြန်းကြည့်တဲ့အခါ ကနဦးမှာ ကျောက်ရှိမှန်းမသိသာပေမယ့် ကာလကြာလာတာနဲ့အမျှ ကျောက်အရေအတွက်များလာခြင်း၊ အရွယ်အစားကြီးလာခြင်းတွေရှိလာနိုင်ပြီး ကျောက်တွေရဲ့လှုပ်ရှားမှုကြောင့် ဝမ်းဗိုက်ရဲ့ ညာဘက်အသည်းရှိတဲ့နေရာ (တစ်နည်းအားဖြင့် သည်းခြေအိတ်ရှိတဲ့နေရာ)မှာ တစ်ခါတစ်ရံ ဆစ်ခနဲဆစ်ခနဲဖြစ်ပြီး နာတတ်ပါသတဲ့။ သာမန်အားဖြင့် ကျောက်တွေရဲ့ လှုပ်ရှားမှုကြောင့် နာတတ်တာဖြစ်ပေမယ့် သည်းခြေပြွန်ကို ကျောက်တွေမပိတ်ရင်၊ သည်းခြေအိတ်မရောင်ရင် ပြဿနာမရှိဘူးလို့ ဆိုပါတယ်။

ဒီလိုနဲ့ စာရေးသူသတိထားနေလာရင်း medical check-up လုပ်တဲ့အခါ အာထရာဆောင်းရဲ့အဖြေကို လေ့လာရင်း စောင့်ကြည့်နေခဲ့ရာက ၂၀၁၉ ခုနှစ် ဩဂုတ်လထဲမှာ မကြာခဏဆိုသလို သည်းခြေအိတ်နေရာက တစ်ချက်တစ်ချက် ထိုးနာလိုက်၊ တစ်ပတ်လောက်ပြန်ပျောက်လိုက် ဖြစ်လာပါတယ်။ ဒါကလည်း ဖြစ်နေကျပါပဲလေဆိုပြီး ခပ်ပေါ့ပေါ့နေလိုက်တာ စက်တင်ဘာလဆန်းတစ်ညမှာတော့ သည်းခြေအိတ်နေရာက မခံမရပ်နိုင်အောင် ထိုးအောင့်လာပါတော့တယ်။ အဲဒီအချိန်မှာ ကိုယ်ငွေ့ငွေ့နဲ့ အဖျားရှိလာပါတယ်။ ဒါနဲ့ ညသန်းခေါင်ကျော်မှာပဲ ချက်ချင်းနီးစပ်ရာ အငှားယာဉ်တစ်စီးကို အကူအညီတောင်းပြီး အနီးဆုံး ပြင်ပပုဂ္ဂလိကဆေးရုံတစ်ရုံကို ပြေးရပါတော့တယ်။

ဆေးရုံရောက်တော့ ညတာဝန်ကျဆရာဝန်က ဆေးတစ်လုံးထိုးပေးလိုက်ပါတယ်။ အနာအကိုက်အခဲသက်သာတဲ့ဆေးလို့ဆိုပါတယ်။ ဆေးထိုးပြီးမကြာဘူး၊ တကယ်လည်း အနာသက်သာသွားပါတယ်။ ဒါပေမယ့် ဆရာဝန်က အာထရာဆောင်းရိုက်ပါလို့ မှာလိုက်ပါတယ်။ အဲဒီနေ့ကတော့ သောကြာနေ့ပါ။

ဒါနဲ့ နောက်တစ်ရက်စနေနေ့မှာပဲ အဲဒီဆေးရုံမှာ ညနေပိုင်းမှဖွင့်တဲ့ အာထရာဆောင်းဌာနကို သွားပြီး ရိုက်လိုက်ပါတယ်။ ချက်ချင်းအဖြေသိလိုက်ရတာကတော့ သည်းခြေအိတ်ရောင်နေပြီ ဆိုတာပါပဲ။ နောက်နေ့ကျမှပဲ သူငယ်ချင်း အထွေထွေအထူးကုဆရာဝန်ကို သွားပြပြီး တိုင်ပင်မယ်လို့ ဆုံးဖြတ်ကာ အိမ်ပြန်ခဲ့ပါတယ်။ ဖြစ်ချင်တော့ အဲဒီညမှာပဲ သည်းခြေအိတ်ဘက်က ထပ်နာလို့ ဆေးရုံပြေးပြီး ဆေးတစ်လုံးထိုးခဲ့ရပါသေးတယ်။

ဒါနဲ့ တနင်္ဂနွေမနက်စောစောမှာပဲ သူငယ်ချင်းဆရာဝန်ကို သွားပြလိုက်တဲ့အခါ သည်းခြေအိတ်က ရောင်နေတော့ ခွဲထုတ်လိုက်ရင် အကောင်းဆုံးပဲလို့ အကြံပေးပါတယ်။ စာရေးသူအနေနဲ့လည်း နှစ်ရက်တိတိ မခံမရပ်နိုင်အောင် နာကျင်ခဲ့ပြီးပြီမို့ မခံစားနိုင်တော့လို့ ကြောက်ပင်ကြောက်ငြားသော်လည်း အမြန်ပင်ခွဲထုတ်ပစ်ချင်နေပါတော့တယ်။

ဒါကြောင့် သူငယ်ချင်းဆရာဝန်က သူ့မိတ်ဆွေ ခွဲစိတ်အထူးကု ဆရာဝန်ကြီးတစ်ဦးဆီ ချိတ်ဆက်ပေးပြီး စာရေးသူကို စေလွှတ်လိုက်ပါတယ်။ စာရေးသူလည်း ပုဂ္ဂလိကဆေးရုံတစ်ရုံမှာထိုင်တဲ့ အထူးကုဆရာဝန်ကြီးထံ သွားရောက်တွေ့ဆုံလိုက်ပါတယ်။ အဲဒီအခါ ဆရာဝန်ကြီးက လိုအပ်တဲ့ စမ်းသပ်မှုတွေပြုလုပ်ပြီး ပြောလိုက်တာကတော့ "လူနာက အမြန်ဆုံးခွဲမှရမယ်၊ သည်းခြေအိတ်ရောင်နေတာဖြစ်လို့ ပေါက်သွားရင် ပိုအန္တရာယ်ကြီးမယ်" လို့ ဆိုတာပါပဲ။ ဒါပေမဲ့ ဆရာဝန်ကြီးက "လူနာက အခုအဖျားရှိနေတယ်၊ ဒီတော့ ချက်ချင်းခွဲလို့တော့မရသေးဘူး၊ အဖျားကျမှခွဲလို့ရမယ်၊ လောလောဆယ်တော့ အရောင်ကျအောင် ဆေးနဲ့ ထိန်းပေးထားမယ်၊ လိုအပ်တဲ့ဆေးစစ်၊ သွေးစစ်တာတွေ လုပ်ထားပါ" ဆိုပြီး အနီးက လက်ထောက်ဆရာဝန်တွေကို မှာလိုက်ပါတယ်။ အဲဒီနေ့မှာပဲ စာရေးသူဟာ ဆေးရုံကို တက်လိုက်ရပါတော့တယ်။ ညပိုင်းမှာ အနာကထပ်ကိုက်လာလို့ ဆေးတစ်လုံးထပ်ထိုးလိုက်ရပါသေးတယ်။ ဆေးရုံစတက်တဲ့နေ့မှာပဲ စာရေးသူကို ဆေးရည်ပုလင်းတွေ တစ်ပုလင်းပြီးတစ်ပုလင်း ချိတ်ပါတော့တယ်။

### သေမင်းနှင့်စစ်ခင်းခြင်း

မြန်မြန်အနာသက်သာချင်လို့ ခွဲစိတ်ချင်လှပါပြီဆိုမှ အဖျားကရက်ဆက်ဆိုသလို မကျဘဲဖြစ်နေပါတယ်။ ပါရဂူကလည်း နေ့တိုင်းလာကြည့်ပြီး ခွဲမယ့်ရက်ကိုမပေးနိုင်သေးဘူး ဖြစ်နေပါတယ်။ ဒီကြားထဲ စာရေးသူက နဂိုကတည်းက ဆီးချိုရှိနေလေတော့ မနက်၊ နေ့လယ်၊ ည သုံးကြိမ် နေ့စဉ်ဆီးချိုလာတိုင်းနေကြပါတယ်။ ကံကောင်းချင်တော့ ဆေးရုံမတက်ခင် သုံး၊ လေးလကတည်းက ဆီးချိုကို ထိန်းထားနိုင်ခဲ့လေတော့ ဆီးချိုအတွက် နည်းနည်းစိတ်အေးရတဲ့အနေအထားဖြစ်ပါတယ်။ နို့မဟုတ်ရင် ခွဲစိတ်တဲ့အခါ ဆီးချိုအတွက် အခက်အခဲဖြစ်နိုင်တာမို့ ခွဲစိတ်တဲ့အချိန်မှာ ဆီးချိုကိုစောင့်ကြည့်ထိန်းညှိပေးဖို့ ဆရာဝန်ကိုခေါ်ရမယ်လို့ ဆိုပါတယ်။

ဒီလိုနဲ့ ဆေးရုံတက်တာ တစ်ပတ်သာပြည့်လာတယ်၊ အဖျားကလည်းမကျ၊ ဆေးရည်တွေ တစ်ပုလင်းပြီးတစ်ပုလင်း ချိတ်ထားတော့ လက်နှစ်ဖက်လုံးရဲ့ လက်ဖမိုးတွေဟာလည်း အပ်ရာတွေနဲ့ နာကျင်လာပါတယ်။ ဒီလိုအခြေအနေမှာ ဆီးအရောင်ဟာလည်း ပြောင်းလာပြီး ညိုညစ်လာပါတယ်။ သည်းခြေအိတ်ရောင်လို့ ကိုက်ခဲလာတာကြောင့် နေ့စဉ် အကိုက်အခဲပျောက်ဆေးတွေထိုးလို့ ကျောက်ကပ်ကိုပဲထိပြီလားလို့ စိုးရိမ်ရပါတယ်။ တာဝန်ကျဆရာဝန်တွေကလည်း အသားတွေ ဝါနေပြီလားလို့ မကြာခဏမျက်ခွံတွေ လာလှန်ကြည့်နေပါတယ်။ တစ်ပတ်ပြည့်တဲ့အထိ အဖျားက လည်း မကျသေးတဲ့အပြင် နေ့စဉ် သည်းခြေအိတ်နေရာက နာကျင်ကိုက်ခဲနေတာမို့ ဆရာဝန်ကို အကိုက်အခဲပျောက်ဆေးထိုးပေးဖို့ မကြာခဏတောင်းဆိုနေမိပါတယ်။ ဆရာဝန်ကလည်း "အရမ်းနာမှပြောဖို့၊ အကိုက်အခဲပျောက်ဆေး မကြာခဏထိုးရင် ကျောက်ကပ်ကိုထိနိုင်တယ်"လို့ သတိပေးပါတယ်။ လက်ပေါ်က ဒဏ်ရာဒဏ်ချက်တွေ၊ ဆေးချိတ်ထားလို့ မလွတ်မလပ်ခံစားရမှုတွေ၊ ဗိုက်ထဲကနာကျင်မှုတွေ၊ အဖျားမကျလို့ စိုးရိမ်ရမှုတွေဟာ စာရေးသူအနေနဲ့ သေမင်းနဲ့ စစ်ခင်းနေရသလို ထင်မှတ်နေမိပါတယ်။

### ခွဲစိတ်ကုသခြင်း

ကံအားလျော်စွာ ဆေးရုံတက်ပြီး ကိုးရက်မြောက်နေ့မှာ အဖျားကျသွားပါတယ်။ ဆီးချိုကလည်း ထိန်းနိုင်တဲ့ အခြေအနေမှာ ရှိလာပါတယ်။ စာရေးသူအနည်းငယ် အားတက်လာပြီး ပါရဂူရောက်လာတော့လည်း အိုကေလာပြီဆိုပြီး ကျေနပ်တဲ့အသွင်ကို တွေ့လိုက်ရပါတယ်။

ဒါနဲ့ ဆရာဝန်ကြီးက "နက်ဖြန်တစ်ရက်စောင့်ကြည့်မယ်၊ အခြေအနေကောင်းရင်၊ အဖျားမရှိတော့ဘူးဆိုရင် သဘက်ခါညမှာခွဲမယ်"လို့ စာရေးသူကိုပြောရင်း နောက်က လိုက်ပါလာတဲ့ လက်ထောက်ဆရာဝန်တွေကို လိုတာပြင်ထားဖို့မှာလိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဘယ်လိုခွဲစိတ်ကုသပေးမယ်ဆိုတာ စာရေးသူကို ခုလိုပဲရှင်းပြပါတယ်။ "လူနာကို ခွဲစိတ်ဖို့ နည်းလမ်းနှစ်ခုကို ရွေးချယ်ထားကြောင်း၊ နည်းလမ်းတစ်ခုမှာ သည်းခြေအိတ်ပတ်ဝန်းကျင်မှာ အပေါက်သုံးပေါက်ဖောက်ပြီး ခွဲထုတ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းနည်းလမ်းမှာ လူနာအတွက် နာကျင်မှုသက်သာကာ နှစ်ရက်ခန့်သာ ဆေးရုံမှာနေရပြီး ပြန်ဆင်းရနိုင်ကြောင်း၊ ၎င်းကို ဦးစားပေးလုပ်ပေးမည်ဖြစ်ကြောင်း၊ အထဲက သည်းခြေအိတ်အနေအထားပေါ်မူတည်ကြောင်း၊ သည်းခြေအိတ်ပြည်တည်ခြင်း၊ ပေါက်ထွက်နေခြင်း အနေအထားဖြစ်ပါက ဗိုက်ကိုခွဲရမည်ဖြစ်ကြောင်း၊ ၎င်းအတွက် မိသားစုကိုပါ ကြိုတင်အသိပေးထားခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ပထမနည်းလမ်းကို ဦးစားပေးမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။

စာရေးသူကလည်း ခွဲစိတ်ပါရဂူကြီးကို ကယ်တင်ရှင်သိကြားမင်းကြီးအလား ထင်မှတ်ထားပြီးဖြစ်ရာ "ဆရာ့ကို အားကိုးပါတယ်"ဆိုတဲ့ စကားအစား အခြားပြောစရာမရှိခဲ့တော့ပါ။

ခွဲစိတ်ရမယ့်နေ့မှာတော့ နေ့လယ်ကတည်းက အစာဖြတ်၊ ရေဖြတ်လိုက်ပါပြီ။ စာရေးသူကလည်း ခွဲစိတ်မယ့်အချိန်ကို ရင်တထိတ်ထိတ်နဲ့ စောင့်မျှော်လို့နေရပါပြီ။ လက်ထောက်ဆရာဝန်နဲ့ သူနာပြုတွေက ည ၈ နာရီလောက်မှာ ခွဲစိတ်ခန်းဝင်ရဖွယ်ရှိပြီး ခွဲစိတ်ခန်းဆီကို ညနေ ၆ နာရီခွဲမှာ သွားရမယ်လို့ ပြောကာ လိုအပ်သည်များကို ပြင်ဆင်ပေးနေပါတော့တယ်။

### ကမ္ဘာပျက်တဲ့ည

ညနေ ၆ နာရီခွဲမှာ သူနာပြုတွေလက်တွန်းလှည်းနဲ့ လာခေါ်ပါတယ်။ ခွဲစိတ်ခန်းအနီး အခန်းငယ်ထဲမှာ စောင့်နေလိုက်တာ ည ၁၀ နာရီထိုးသည့်တိုင် ရှေ့ကလူ ခွဲစိတ်နေလို့ လာမခေါ်ကြသေးပါဘူး။ ည ၁၀ နာရီခွဲမှာတော့ ပက်လက် လက်တွန်းလှည်းနဲ့အတူ လာခေါ်ပါပြီ။ ခွဲစိတ်ခန်းဝင် ဝတ်ရုံအစိမ်းဝတ်ပြီးသားမို့ လှည်းပေါ် ပက်လက်ကလေးပါသွားပါတယ်။ လှည်းတွန်းသွားသံ တဂျိမ်းဂျိမ်းနဲ့အတူ ရင်ထဲမှာတော့ တဒိန်းဒိန်းနဲ့ပါပဲ။ ခွဲစိတ်ခန်းထဲရောက်တော့ ခွဲစိတ်ခုံပေါ်တင်ပြီး လက်တစ်ဖက်စီကို ဆန့်တန်းခိုင်းပါတယ်။ ဘယ်ဘက်ကို နှလုံးခုန်တိုင်းတဲ့စက်မှာချိတ်ပြီး ညာဘက်ကိုတော့ ဆေးရည်တစ်လုံးချိတ်တာ သတိထားလိုက်မိပါတယ်။ ဘယ်ဘက်ကို ဆရာဝန်တစ်ဦးက နှလုံးခုန်နှုန်း အချိန်မပြတ်မှတ်နေပြီး ညာဘက်မှာဆရာဝန်မကြီးကတော့ မေ့ဆေးပေးဖို့ အချိန်အဆကိုတွက်နေကာ အနီးက လက်ထောက်ဆရာဝန်တစ်ဦးကို မေ့ဆေးအချိန်အဆ လှမ်းပြောနေသံကြားနေရပါတယ်။

မကြာပါဘူး။ ခွဲစိတ်ဆရာဝန်ကြီးရောက်မလာခင် လောကကြီးနဲ့ ခေတ္တအဆက်ပြတ်သွားခဲ့ပါတယ်။

မကြာသောကာလမှာ စာရေးသူကို ခေါ်ဆောင်လာတဲ့ ပက်လက်တွန်းလှည်း တွန်းရွှေ့သံ၊ ဆူညံသံနဲ့အတူ နာကျင်လွန်းတဲ့ ခံစားမှုဝေဒနာကြောင့် စာရေးသူမခံမရပ်နိုင်ဖြစ်ပြီး ကမ္ဘာကြီးပျက်သလို အဆက်မပြတ် အော်နေမိလိုက်ပါတော့တယ်။

စာရေးသူခွဲစိတ်ခန်းထဲက ထွက်လာပါပြီ။ သူတို့ တွန်းလှည်းကိုတွန်းပြီး စာရေးသူနေတဲ့ အခန်းထဲကို သယ်ဆောင်လာခဲ့ကြပါပြီ။ ဘေးနားက လူသံအချို့ကို ကြားနေရပါတယ်။ သူတို့ပြောသံထဲမှာ ည ၁၂ နာရီ တောင်ခွဲသွားပြီလို့ ကြားလိုက်ရပါတယ်။ အခန်းထဲက ခုတင်ပေါ်မရောက်ခင် မေ့ဆေးက ပျယ်သွားတာဖြစ်လို့ ခွဲစိတ်ထားတဲ့ဒဏ်ရာက နာတာကတစ်မျိုး၊ လှည်းဆောင့်လို့ နာတာကတစ်မျိုးနဲ့ ဝေဒနာက ဆိုးလှပါတယ်။ တကယ်တော့ အဲဒီညဟာ စာရေးသူအတွက်တော့ ကမ္ဘာပျက်တဲ့ညပါပဲ။

### ရေတစ်ပေါက်လောက်ပေးပါ

စာရေးသူရဲ့ အော်သံကြားတော့ ခွဲစိတ်ဆရာဝန်ကြီးဟာ နောက်ကရောက်လာပြီး လက်ထောက်ဆရာဝန်တွေကို လိုအပ်တဲ့ အနာသက်သာတဲ့ဆေးထိုးခိုင်းပါတယ်။ ပြီးတော့စာရေးသူကို အားပေးစကား ပြောလိုက်ပါတယ်။

ဒီအချိန်မှာ စာရေးသူရဲ့ ခန္ဓာကိုယ်မှာ ပိုက်သုံးချောင်း သွယ်တန်းလို့ပါ။ အောက်ဆီဂျင်ပိုက်၊ နှာခေါင်းထဲထည့်တဲ့ အစာအိမ်ထဲက အစာထုတ်ပိုက်နဲ့အတူ သည်းခြေအိတ်ခွဲထုတ်ပြီးနောက် ထွက်လာတဲ့ သွေးဝန်ရည်၊ သွေးရည်ကြည်နဲ့ အညစ်အကြေးအရည်တွေကို စုပ်ထုတ်တဲ့ပိုက်တွေပါပဲ။ မကြာခင်မှာပဲ လက်ဖမိုးမှာ အားဆေးရည်ပုလင်း လာချိတ်တာမို့ ပိုက်လေးချောင်းနဲ့ မြင်ကွင်းဟာ ကြည့်မကောင်းအောင်ပါပဲ။

ဆရာဝန်ကြီးရဲ့ အားပေးစကားကြောင့် အနည်းငယ် စိတ်သက်သာရာရသွားပေမယ့် ခံစားရတဲ့ ဝေဒနာကတော့ ကြေညာစရာမလိုအောင် နာကျင်ခံခက်နေဆဲပါပဲ။ ဆရာဝန်ကြီးက နောက်ဆုံး လက်ထောက်ဆရာဝန်နဲ့ သူနာပြုတွေကို မှာသွားပါတယ်။ "လူနာကို ရေလုံးဝ မတိုက်ပါနဲ့။ နက်ဖြန်ကျမှ လိုအပ်ရင်နှုတ်ခမ်းကို ရေနည်းနည်း ဆွတ်ပေးပါ" တဲ့။

နောက်တစ်နေ့မှာတော့ အောက်ဆီဂျင်ပိုက်ကို ဖြုတ်လိုက်ပါတယ်။ ကျန်ပိုက်သုံးချောင်းကတော့ ဒီအတိုင်း တန်းလန်းပါပဲ။ နောက်နှစ်ရက်အထိ ရေတောင်မတိုက်ဘဲ သူနာပြုတွေက နှုတ်ခမ်းကို ရေပဲလာဆွတ်ပေးနေတာမို့ စာရေးသူက "ရေတစ်ပေါက်လောက်ပေးပါလား" လို့ တောင်းဆိုလိုက်တော့ သူနာပြုက ဘာပြောတယ်မှတ်လဲ။

**စာမျက်နှာ ၇ သို့ ***

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့်အဖွဲ့ဝင်များက လားရှိုးမြို့ရှိ သုခဝိဟာရကန်မိန်းကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောလိယအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော် ၂၅ အိတ်၊ သင်္ကန်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သွားရောက်ဖူးမြော်**

အလားတူ ကရင်ပြည်နယ် ဘားအံမြို့ အမိတာရာမရဲကျောင်းတိုက် ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ အရှင်သူမြတ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဇော်မင်းအောင်နှင့် အဖွဲ့ဝင်များက



ကရင်ပြည်နယ် ဘားအံမြို့ အမိတာရာမရဲကျောင်းတိုက်ဆရာတော်အား ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သွားရောက်ဖူးမြော်၍ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက်ရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၏ ပဓာနနာယက တိပိဋကပါဠိပါရဂူ ဓွေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော် အိတ် ၂၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့် အစိုးရအဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဏိရတနာရာမ အနောက်တိုက်တော် ဇမ္ဗူမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တနာယက အား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်တို့ကို ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၁၀ အား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဆက်ကပ်လောင်းလှူ**

ယနေ့တွင် မန္တလေးတပ်နယ်မှ အရာရှိ စစ်သည်များက မန္တလေးတိုင်းဒေသကြီး မြို့နယ်များ၌ ကျောင်းတိုက် ၃၅ ကျောင်းမှ သံဃာတော် ၁၁၁၃ ပါးတို့ကို နေ့ဆွမ်းများ ဆက်ကပ်လောင်းလှူကြကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# လားရှိုးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ တွေ့ဆုံသည်။

**ညှိနှိုင်းဆောင်ရွက်**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ တက်ရောက်လာကြသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**တွေ့ဆုံ**

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

✳ စာမျက်နှာ ၆ မှ

"ဆရာဝန်ကြီးက ခွင့်ပြုမှရမယ်" တဲ့။ ဩော်သိကြားမင်းထက်တောင် တန်ခိုးကြီးလှချည်လား ဆရာဝန်ကြီးရယ်လို့။ တကယ်လည်း အဲဒီအထူးကုဆရာဝန်ကြီးဟာ စာရေးသူရဲ့အသက်ကို ကယ်လိုက်တဲ့သူပါပဲ။

**သည်းခြေအိတ်နဲ့ အူအတက်**

နှစ်ရက်လောက်ကြာတော့ ပိုက်တွေ မဖြုတ်ရသေးပေမယ့် ဒဏ်ရာက နည်းနည်းသက်သာလာတာမို့ ရေအစက်ချ အာသာပြေအောင်သောက်ခွင့်ရတဲ့အပြင် စကားလည်း အနည်းငယ်ပြောလာနိုင်ပါတယ်။ ဒါကြောင့် ဆရာဝန်ကြီးကလည်း ခွဲစိတ်ကုသခဲ့ရမှုအခြေအနေကို စာရေးသူအား ရှင်းပြခဲ့ပါတယ်။

"တကယ်တော့ ဗိုက်ခွဲပြီး သည်းခြေအိတ်ကို မထုတ်ခင် ဦးစွာ အပေါက်သုံးပေါက်ဖောက် ကုသဖို့ ကြိုးစားခဲ့ကြောင်း၊ သို့သော် ရောင်နေတဲ့သည်းခြေအိတ်ဟာ အူနံရံတွေမှာ ကပ်နေတာကြောင့် ခွာထုတ်ဖို့ ခက်ခဲခဲ့ကြောင်း၊ ထို့ကြောင့် နောက်ဆုံးအခြေအနေအရ ဗိုက်ကို ခွဲခဲ့ရပြီး အူမှာကပ်နေတဲ့ သည်းခြေအိတ်ကို ခက်ခက်ခဲခဲဖြတ်ထုတ်ခဲ့ရကြောင်း" ရှင်းပြခဲ့ပါတယ်။

"တစ်ဆက်တည်းမှာပဲ တစ်လက်စတည်း အူအတက်ကိုပါ ဖြတ်ထုတ်ပေးခဲ့ကြောင်း၊ ဖြတ်ထုတ်ပေးရသည့် အဓိကအကြောင်းရင်းမှာ ခန္ဓာကိုယ်ထဲ၌ သည်းခြေအိတ်မရှိတော့၍ဖြစ်ကြောင်း၊ သည်းခြေအိတ်၏ အဓိကတာဝန်မှာ ၎င်းမှထွက်သော သည်းခြေရည်ဖြင့် အဆီများ၊ အစာများကို ချေဖျက်ပေးခြင်းဖြစ်ကြောင်း၊ သည်းခြေအိတ်မရှိတော့သဖြင့် အချို့အစာများကို မချေဖျက်ပေးနိုင်တော့သဖြင့် အစိုင်အခဲငယ်လေးများက အူအတက်အတွင်းသို့ ဝင်ရောက်သွားနိုင်ကြောင်း၊ ခန္ဓာကိုယ်မှာ အူအတက် မရှိလည်း ပြဿနာမရှိလို့ တစ်ပါတည်းဖြတ်ထုတ်ခဲ့ခြင်း ဖြစ်ကြောင်း" ပြောပြခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာဝန်ကြီးကို ကျေးဇူးတင်ခဲ့ရပါတယ်။ တစ်ချိန်က စာရေးသူ အူအတက်ရောင်ဖူးတာကြောင့် အခုတော့ အဲဒီကိစ္စအတွက် စိတ်အေးရပြီဖြစ်ပါတယ်။ ဆရာဝန်ကြီး ပြောတဲ့အတိုင်း သည်းခြေအိတ်ကို ကနဦးမှာ အပေါက်သုံးပေါက် ဖောက်ထုတ်ယူရန် ကြိုးစားခဲ့ကြောင်း ဗိုက်တွင်ရှိနေသည့် အပေါက်များက သက်သေပြနေပါတယ်။ နှစ်ရက်လောက်အကြာမှာတော့ အဲဒီအပေါက်သုံးပေါက်ဟာ ပိတ်သွားခဲ့ပါတယ်။ သူနာပြုတွေက ဗိုက်ခွဲရာကို ဘီတာဒိုင်း (Betadine) အနာကျက်ဆေးရည်နဲ့ လာထည့်ပေးရင်း တစ်ပတ်လောက်အကြာမှာတော့ ခွဲရာပေါ်အုပ်ထားတဲ့ ပလာစတာပတ်တီးကို ဖြုတ်ပေးခဲ့ပါတယ်။ အနာကလည်း အတော်သက်သာလာပြီဖြစ်ပါတယ်။ အစာပိုက်နဲ့ သားငန်ရည်ပိုက်တွေကိုလည်း ဖြုတ်လိုက်ပါပြီ။ အားဆေးပုလင်းကို ဆက်ချိတ်ထားဆဲဖြစ်ပါတယ်။ ဒီအချိန် စာရေးသူရဲ့ ဝမ်းဗိုက်ထဲမှာ သည်းခြေအိတ်နဲ့ အူအတက် မရှိတော့ပါဘူး။

နောက်တစ်ရက်ခွဲစိတ်ဆရာဝန်ကြီး လာကြည့်တော့ အဲဒီအင်္ဂါအစိတ်အပိုင်းနှစ်ခုမရှိတော့ ရေရှည်အသက် အန္တရာယ်စိုးရိမ်ရသလားလို့ မေးကြည့်လိုက်မိပါတယ်။ အဲဒီတော့ ဆရာဝန်ကြီးက "အူအတက်မရှိလို့ ဘာမှမဖြစ်ပါ၊ သည်းခြေအိတ်မရှိတော့တဲ့အတွက်ကြောင့်တော့ အဆီ၊ အဆိမ့်တွေကိုတော့ရှောင်ပါ" လို့ သတိပေးပြီး အသက်ရှည်ရှည်နေနိုင်တယ်လို့ ဆိုပါတယ်။

ဒါတွေကတော့ စာရေးသူကိုယ်တွေ့ကြုံရတဲ့ သည်းခြေအိတ်ရောဂါဆိုင်ရာ အတွေ့အကြုံတွေပဲ ဖြစ်ပါတယ်။ တကယ်တော့ သည်းခြေအိတ်ကျောက်တည်ရောဂါဟာ ဖြစ်ခါစမှာ အန္တရာယ်သိပ်မရှိပေမယ့် အချိန်ကြာလာတာနဲ့အမျှ ကျောက်အရေအတွက်နဲ့ အရွယ်အစားများပြား ကြီးမားလာတတ်တာမို့ စာဖတ်သူတွေ သတိထားနိုင်ဖို့ သက်သက်ရည်ရွယ်တာပဲဖြစ်ပါတယ်။

**ဖြစ်ပွားပုံနှင့် ကာကွယ်ရမည့်နည်းလမ်း**

ဒီရောဂါဟာ နေထိုင်စားသောက်မှုပုံစံလွဲမှားလို့ ဖြစ်လာတဲ့ရောဂါပါ။ စာရေးသူ လေ့လာမိသလောက် အဲဒီရောဂါဟာ အဆီအဆိမ့်စားသုံးမှုများသူ၊ ဆီကြော်မုန့်များ စားသုံးလေ့ရှိသူ၊ ဆီပြန်ဟင်း၊ ဝက်သားစားသုံးမှုများသူ၊ အချိုရည်သောက်သုံးမှုများသူတွေနဲ့ အသီးအရွက်စားသုံးမှုနည်းသူတွေမှာ အများဆုံး အဖြစ်များတယ်လို့ ဆိုပါတယ်။ အဝလွန်တဲ့သူတွေမှာ အများဆုံးတွေ့ရတတ်ပါတယ်။ အထူးသဖြင့် ခန္ဓာကိုယ်ထဲမှာ ကိုလက်စထရောများခြင်းဟာ အဲဒီရောဂါဖြစ်ပွားခြင်းရဲ့ အခြေခံအကြောင်းရင်းလို့ ဆိုပါတယ်။ သည်းခြေကျောက်အမျိုးအစားဟာ အဓိကအားဖြင့် ကိုလက်စထရောကျောက်နဲ့ ရောင်ခြယ်ကျောက်ဆိုပြီး နှစ်မျိုးရှိရာ တစ်ခါတစ်ရံ သည်းခြေထဲမှာ အဲဒီကျောက် နှစ်မျိုးစလုံးရှိတတ်တယ်လို့ သုတေသနမှတ်တမ်းများက ဆိုပါတယ်။

တကယ်တော့ သည်းခြေအိတ်ကျောက်တည်ရောဂါဟာ ကြိုတင်ကာကွယ်လို့ရတဲ့ ရောဂါပါပဲ။ အစားအသောက်နဲ့ နေထိုင်မှုပုံစံကို ပြုပြင်ဆင်ခြင်ဖို့ပဲ လိုပါတယ်။ အသက်လေးဆယ်ဝန်းကျင်မှာ အများဆုံးစတင်ဖြစ်ပွားတတ်တာမို့ ကျန်းမာရေးစစ်ဆေးခြင်း၊ အာထရာဆောင်းရိုက်ခြင်းဖြင့် စမ်းသပ်သိရှိ သတိပြုသင့်ပါတယ်။ အဓိကကတော့ မိမိခန္ဓာကိုယ်မှာ ဘာရောဂါတွေရှိနေတယ်ဆိုတာ လူတိုင်းသိထားဖို့ပဲလိုပါတယ်။ အဲဒီလိုဆိုရင် ကာကွယ်ကုသဖို့ အလွန်လွယ်ကူလှပါတယ်လို့ ရေးသားရင်း စာရေးသူရဲ့ ကိုယ်တွေ့သည်းခြေကျောက်တည်ရောဂါအကြောင်းကို ဗဟုသုတအဖြစ် တစေ့တစောင်း လေ့လာနိုင်အောင် ဖော်ပြလိုက်ရပါတယ်။ စာဖတ်သူအပေါင်း ရောဂါများဘေးမှ ကင်းဝေးကြပါစေ။ ။

# ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သတင်းစာတိုက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ရက်စွဲဖြင့် (၁၁)ကြိမ်မြောက်ထုတ်ဝေသော "Red Star" (Kracnaya Zvezda) သတင်းစာတွင် ဖော်ပြပါရှိသော "ကြာမြင့်ခိုင်မာသော ခင်မင်မှု" အမည်ဖြင့် ဆောင်းပါးရှင် Mr. Alexander Alexandrov ရေးသားဖော်ပြထားသည့် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအကြောင်း ဆောင်းပါးအား ဘာသာပြန်ဆိုခြင်း

(ယမန်နေ့မှအဆက်)

ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူ နှိမ်နင်းတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်မှုများလည်း အရှိန်အဟုန် တိုးမြှင့်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့လည်း မိမိတို့ ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း သွားရောက်ကူညီဖြေရှင်းပေးခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူ တိုက်ဖျက်ရေး စစ်ဆင်ရေးများအကြောင်း မျှဝေရှင်းလင်းတင်ပြထားပြီးဖြစ်သလို မြန်မာနိုင်ငံ၏ တပ်မတော်ဘက် အကြီးအကဲများထံမှလည်း ရုရှားနိုင်ငံ၏ အချိန်မီ၊ ထိထိရောက်ရောက်၊ နိုင်ငံတကာတရားဥပဒေနည်းလမ်းကျကျ ဆီးရီးယားအရေးတွင် ပါဝင်ကူညီခဲ့မှုအပေါ် မှတ်ချက်ကောင်းများလည်း ရရှိထားပါသည်။ ဆီးရီးယားနိုင်ငံ၏ ဥပမာသည် မြန်မာနိုင်ငံအတွက် သင်ခန်းစာယူရန်သာဖြစ်ပြီး ၎င်းတို့နိုင်ငံအနေဖြင့် ထိုအခြေအနေမျိုး ကြုံတွေ့ရမည့်အနေအထားမှ ဝေးကွာစွာတည်ရှိနေပြီး စစ်ရေးနိုင်ငံရေးအခြေအနေအရ ကောင်းစွာပိုင်ပိုင်နိုင်နိုင်ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံအား ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်သည့်အနေအထားတွင် ရှိပါသည်။

နောက်ထပ်မြန်မာနိုင်ငံအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲမှာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများအကြား ပြိုကွဲစေရန် ရည်ရွယ်ချက်ဖြင့် တရားမဝင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များကို အကြမ်းဖက်သောင်းကျန်းမှုများ ဆောင်ရွက်နိုင်စေရန် အလို့ငှာ အချို့သောနိုင်ငံများမှ လက်နက်ခဲယမ်းရိက္ခာများ ထောက်ပံ့ပေးနေသည့် ပြဿနာပင်ဖြစ်ပါသည်။ ထိုပြဿနာအား ဖြေရှင်းရန်အတွက် မြန်မာ့တပ်မတော်ခေါင်းဆောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အမြင်တွင် တစ်နိုင်ငံတည်းအနေဖြင့် တွန်းလှန်နိုင်မည်မဟုတ်သည့်အတွက် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းစဉ်အား နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ရုရှားနိုင်ငံနှင့် သဘောထားချင်း ထပ်တူကျစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီး မိမိနိုင်ငံ အကျိုးစီးပွားအတွက်သာမက လူသားမျိုးနွယ်စုတစ်ခုလုံး၏ အကျိုးစီးပွားကိုပါ ကြံဆောင်ကြိုးပမ်းနေသော လေးစားဂုဏ်ယူထိုက်သည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပါသည်။

**လမ်းဆုံသို့ရောက်နေသော နိုင်ငံ**

အထက်ပါ အကြောင်းအချင်းအရာများကို ထောက်လျှင် မြန်မာ့တပ်မတော်၏ ကာကွယ်ရေးစွမ်းပကားနှင့် နိုင်ငံတော်လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်မှုတို့သည် နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်လျက်ရှိနေပါသည်။ ဤအချက်ကိုလည်း အချုပ်အခြာအာဏာကို ဦးထိပ်ထား တာဝန်ထမ်းရွက်နေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထက် ပို၍နားလည်သဘောပေါက်သူပင်ရှိမည်မထင်ပါ။ ၎င်း၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ မြန်မာ့တပ်မတော်သည်လည်း နိုင်ငံ၏တည်ဆဲဥပဒေများကို အစဉ်လိုက်နာလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို အစဉ်ရှေးရှု တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံ (ယခင်က ဗမာနိုင်ငံဟု လူသိများခဲ့သော နိုင်ငံ) သည် သမိုင်းကြောင်းတစ်လျှောက် မငြိမ်မသက်မှုများကို ဖြေရှင်းရင်း အချိန်ကုန်ခဲ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါသည်။ နိုင်ငံနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုးစုပေါင်း ၁၃၅ မျိုးရှိသည့်အနက်မှ အရေအတွက်အားဖြင့် ဖြန့်ကြက်နေထိုင်မှုအရပါ အင်အားအရာသာလွန်သည့် ဗမာလူမျိုးတို့၏ အုပ်ချုပ်မှုအောက်တွင် အစဉ်ပုန်ကန်ထကြွခဲ့ကြပြီး နိုင်ငံရေးနှင့် စစ်ရေးသည် အစဉ်ဒွန်တွဲလျက်ရှိခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူတို့ကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလည်း နှောင့်နှေးခဲ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင် ထင်သလောက် ရှေ့မရောက်နိုင်ခဲ့ပါ။ ထိုအခက်အခဲများကို သမိုင်းကြောင်းတစ်လျှောက် အဓိကထား တာဝန်ယူဖြေရှင်းခဲ့ရသူမှာ ယခုလက်ရှိ နိုင်ငံတော်တာဝန်ကို ယူထားရသည့် တပ်မတော်သာလျှင်ဖြစ်ပြီး ၎င်း၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ခု၊ အဖွဲ့ငယ်ပေါင်း ၂၃ ခုတို့နှင့် လက်နက်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်စွာ လဲလှယ်နိုင်ခဲ့ပါသည်။ ထိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ကိုလည်း ၎င်းတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တရားဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကိုလည်း စီစဉ်ဆောင်ရွက် လမ်းပြပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ တစ်ခုတည်းသော တရားဝင်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်သည် လူမျိုးစုငယ်တို့အား အင်အားဖြင့် အနိုင်ကျင့်ဖိနှိပ်ခြင်းကို ဘယ်သောအခါမျှ မပြုကျင့်ခဲ့ဘဲ ၎င်းတို့ လက်နက်ကိုင်ထားပြီး တောင်းဆိုနေမှုများကို လက်နက်ကိုင်စွဲစရာမလိုဘဲ တောင်းဆိုနိုင်မည့် ဖက်ဒရယ်စနစ်သို့ ကူးပြောင်းရေးတွင်လည်း ထိပ်ဆုံးက ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးတို့ကို တပ်မတော်သည် အဓိကတာဝန်တစ်ရပ်အနေဖြင့် ခေတ်အဆက်ဆက် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်ခဲ့သည်ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့သော ပြည်ထောင်စုနိုင်ငံတစ်ခုအတွက် တပ်မတော်သည် မရှိမဖြစ် လိုအပ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ ပြည်တွင်းရေး အေးချမ်းသာယာမှုတွင် ယနေ့ကဲ့သို့ အခြေအနေများ ဖြစ်ပေါ်နေသည့်တိုင် ဆိုးဆိုးရွားရွားမဖြစ်ဘဲ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကိုယ်စွမ်းဉာဏ်စွမ်းများသည်လည်း အပါအဝင်ဖြစ်ကြောင်းကို တိုင်းရင်းသားခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ပညာတတ်အသိုင်းအဝိုင်းများကပါ ထောက်ခံပြောကြားနေကြသည့် အချက်ကိုလည်း ထည့်သွင်းစဉ်းစား ကြရမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံတော် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသော တပ်မတော်ကို အင်တိုက်အားတိုက် တည်ထောင်ဖွဲ့စည်းခဲ့သည့် တပ်မတော်အကြီးအကဲတစ်ဦးအဖြစ် ရပ်တည်ခဲ့သလို ၎င်းအုပ်ချုပ်သည့်ကာလတွင်လည်း မြန်မာ့တပ်မတော်၏ စွမ်းပကားသည် ကြည်း၊ ရေ၊ လေ တပ်မတော်အားလုံးတွင် အဆင့်အတန်းတစ်ခုထိ မြင့်တက်လာပြီဖြစ်ပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအပိုင်းကိုမူ အထူးအလေးထား ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

၂၀၁၁ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကို စတင်ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်သော လူသားအရင်းအမြစ် သင်ကြားမွေးထုတ်ရာတွင်လည်း စစ်ဘက်ဆိုင်ရာ ပညာရပ်များတွင်သာမက အရပ်ဘက်ပညာရပ်များကိုပါ ကမ္ဘာ့အဆင့်မီ တတ်ကျွမ်းသည့် ပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်သတင်းသည် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိပါ မွှေးပျံ့ကျော်ဇောလျက်ရှိပါသည်။ ၎င်း၏ နိုင်ငံရေးအမြင်ကြွယ်ဝမှုကို အာရှဒေသတွင် နိုင်ငံအားလုံးက လက်ခံထားရုံမျှမက အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများကပါ လက်ခံထားရှိပြီးလည်းဖြစ်ပါသည်။ သူ၏ လက်ထက်တွင် အချိန်ကာလအားဖြင့် ရှည်ကြာခဲ့ပြီဖြစ်သော ရုရှား-မြန်မာ ချစ်ကြည်ရေးသည်လည်း ပိုမိုခိုင်မာလာခဲ့ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ရုရှား-မြန်မာနှစ်နိုင်ငံအကြား စစ်ဘက်နှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့တွင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

**မဟာမိတ် စိတ်ဓာတ်**

မြန်မာနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းဈေးကွက်တွင် ရုရှားနိုင်ငံထုတ်ပစ္စည်းတို့သည် ယနေ့အချိန်တွင် နာမည်ကောင်းရရှိထားပြီးဖြစ်ပါသည်။ ထိုသို့ နာမည်ကောင်းရရှိရခြင်းမှာလည်း နှစ်နိုင်ငံအကြား တစ်ဦးပေါ်တစ်ဦးထားရှိသည့် ယုံကြည်မှု၊ စာချုပ်ပါ အချက်အလက်များအား တိကျပြည့်စုံစွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအပြင် ရောင်းချပြီးနောက် ဆက်လက်၍ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကိုလည်း အားတက်သရော ကူညီဆောင်ရွက်ပေးနေမှုတို့ကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးကူးသန်းဆက်နွယ်မှုရှိသည့် ကာကွယ်ရေးပစ္စည်းဈေးကွက်မှ စတင်အခြေတည်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာ့တပ်မတော်အကြီးအကဲများအနေဖြင့် ရုရှားနိုင်ငံနှင့် ကူးလူးဆက်ဆံရာတွင် ကာကွယ်ရေးပစ္စည်းတစ်မျိုးတည်းသာမဟုတ်ဘဲ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး၏ ပြင်ပတွင် အစိုးရအဖွဲ့အစည်းများအကြား ယဉ်ကျေးမှုနှင့် လူမှုဘဝ ပူးပေါင်းဖလှယ်ရေး၊ အရပ်ဘက် စီးပွားရေးထုတ်ကုန်များ၊ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းများကို တပ်မတော်နှစ်ခုမှ ဦးစီးဦးဆောင်ပြုကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆန္ဒရှိထားပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအစီအမံများထဲမှ တစ်ခုမှာ ရုရှား-မြန်မာ လယ်ယာထွက်ထုတ်ကုန်နှင့် အခြားကုန်ထုတ်လုပ်မှုပစ္စည်းများ ရောင်းဝယ်ဖောက်ကားရေးစင်တာကို နှစ်နိုင်ငံမြို့ကြီးများတွင် အပြန်အလှန်ဖွင့်လှစ်တည်ဆောက်သွားရန်ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့


В МИРЕ
КРАСНАЯ ЗВЕЗДА
Давний и надёжный партнёр

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သတင်းစာတိုက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ရက်စွဲဖြင့် (၁၁)ကြိမ်မြောက်ထုတ်ဝေသော "Red Star"(Kracnaya Zvezda) သတင်းစာတွင် ဖော်ပြပါရှိသော ဆောင်းပါးကို တွေ့ရစဉ်။

❂ စာမျက်နှာ ၈ မှ

ထိုသို့တိုးချဲ့ဆောင်ရွက်နေစဉ်တွင်လည်း ရုရှား-မြန်မာနိုင်ငံအကြား ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည်လည်း ဆက်လက်တည်ရှိနေမည်ဖြစ်သလို တင်ပို့ပြီးဖြစ်သော ပစ္စည်းများကိုလည်း ဆက်လက်ကူညီပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးသွားနေမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာ့တပ်မတော်မှ ပညာတော်သင်များ ရုရှားနိုင်ငံ စစ်ဘက် အရပ်ဘက် တက္ကသိုလ်များသို့ ပေးပို့ပညာသင်ကြားပေးသည့် စနစ်ကိုလည်း ကောင်းစွာကျင့်သုံးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်ကာလများဆီက စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်နေစဉ်အချိန်မှ စတင်ကာ ထိုပညာရေးစနစ်ကို ထိထိရောက်ရောက် ဆက်လက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။

ထိုနှစ်များအတွင်း မြန်မာ့တပ်မတော်မှ အရာရှိသင်တန်းသားပေါင်း ၇၀၀၀ ကျော်သည် ရုရှားနိုင်ငံရှိ စစ်ဘက် အရပ်ဘက် တက္ကသိုလ်များတွင် အောင်မြင်စွာပညာသင်ယူဆည်းပူးနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ရုရှားနိုင်ငံမှ ပညာသင်ယူတတ်မြောက်ခဲ့သည့် အရာရှိများသည် ယခုလက်ရှိတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် သက်ဆိုင်ရာ လက်ရုံးတပ်ဖွဲ့အသီးသီးတွင် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိကာ တပ်မတော်အကျိုး၊ တိုင်းပြည်အကျိုးကို ဆက်လက်သယ်ပိုးလျက်ရှိကြပါသည်။ မြန်မာနိုင်ငံအတွင်း ရုရှားနိုင်ငံနှင့် အဆင့်ပညာရပ်ပိုင်းများတွင် အရည်အချင်းအားဖြင့် တန်းတူ ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းပညာဆိုင်ရာ ပညာရှင်များ၊ နိုင်ငံရေးပညာရှင်များ၊ သတင်းအချက်အလက် ပညာရှင်များ၊ နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ပညာရှင်နှင့် ရုရှားနိုင်ငံထုတ် နည်းပညာမြင့် စက်ပစ္စည်းများကို ကောင်းမွန်ပိုင်နိုင်စွာ လက်တွေ့ကိုင်တွယ်အသုံးပြုနိုင်သော အသိပညာ အတတ်ပညာရှင်များ များစွာရှိပြီး ၎င်းတို့သည် ရုရှားဘာသာစကားကိုလည်း ကောင်းစွာတတ်ကျွမ်းကြသူများဖြစ်ကြပါသည်။

သိပ္ပံနှင့် နည်းပညာပိုင်းတွင် စစ်ဘက်ဆိုင်ရာ ပညာရပ်များကိုသာမက အရပ်ဘက်ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာပညာရပ်တို့ကိုပါ သင်ကြားကျွမ်းကျင်တတ်မြောက်ကြပါသည်။ ဥပမာအားဖြင့် ဆိုရလျှင် စိန့်ပီတာစပက်မြို့ရေကြောင်းနည်း ပညာတက္ကသိုလ်ဆင်း တပ်မတော်ရေမှ အင်ဂျင်နီယာအရာရှိများသည် မိမိတို့ သင်ယူတတ်မြောက်ထားသော ပညာရပ်များဖြင့် ကိုယ်ပိုင်ဒီဇိုင်းများရေးဆွဲကာ မြန်မာ့တပ်မတော်(ရေ)တွင် အသုံးပြုရန် ဖရီးဂိတ်အဆင့်ရှိ စစ်သင်္ဘောကြီးများကို အစအဆုံး ကိုယ်တိုင်တီထွင်ထုတ်လုပ်နိုင်ကြသည်အထိ ထူးချွန်ထက်မြက်ကြပါသည်။

ထိုကဲ့သို့ ပညာရေးပိုင်းကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး အသိပညာ အတတ်ပညာရှင်များ မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် ရုရှားစစ်တက္ကသိုလ်မှ ချီးမြှင့်သော "ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့" ကို လည်းကောင်း၊ အရှေ့တိုင်းတက္ကသိုလ်မှ ချီးမြှင့်သော "ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့" ကို လည်းကောင်း ပြီးခဲ့သည့်နှစ်က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း ကြားသိရပါသည်။ ဤဆုတံဆိပ်များသည်ပင်လည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်အတွက် လိုအပ်သော လူသားအရင်းအမြစ်ကို လက်တွေ့ကျကျ မွေးထုတ်ပေးခဲ့သည့် အသိအမှတ်ပြု သင်္ကေတအမှတ်အသားများဖြစ်ကြပါသည်။

**အဆုံးအစမရှိသော ခင်မင်မှု**

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ခင်ရင်းနှီးမှုသည် စဉ်ဆက်မပြတ်သော ထိတွေ့ဆက်ဆံမှုအပေါ်တွင် အခြေခံလျက်ရှိရာ မြန်မာ့တပ်မတော်အနေဖြင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်ကြီးမှူးကျင်းပပြုလုပ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအစည်းအဝေး

**မြန်မာနိုင်ငံအတွင်း ရုရှားနိုင်ငံနှင့် အဆင့်ပညာရပ်ပိုင်းများတွင် အရည်အချင်းအားဖြင့် တန်းတူပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းပညာဆိုင်ရာ ပညာရှင်များ၊ နိုင်ငံရေးပညာရှင်များ၊ သတင်းအချက်အလက် ပညာရှင်များ၊ နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ပညာရှင်နှင့် ရုရှားနိုင်ငံထုတ် နည်းပညာမြင့် စက်ပစ္စည်းများကို ကောင်းမွန်ပိုင်နိုင်စွာ လက်တွေ့ကိုင်တွယ်အသုံးပြုနိုင်သော အသိပညာ အတတ်ပညာရှင်များ များစွာရှိပြီး ၎င်းတို့သည် ရုရှားဘာသာစကားကိုလည်း ကောင်းစွာတတ်ကျွမ်းကြသူများဖြစ်**

သို့ လည်းကောင်း၊ စစ်ဘက်နည်းပညာပြပွဲနှင့် နိုင်ငံတကာ စစ်ဘက်အားကစားပွဲတွင် တက်ကြွစွာ ပါဝင်လျက်ရှိပါသည်။ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးအနေဖြင့်လည်း "KAVKAZ-2020" မဟာဗျူဟာမြောက် စစ်ဦးစီးလေ့ကျင့်ခန်းတွင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်အားဖြည့်ဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းမြောက်အားရကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ပူးပေါင်းကော်မတီ ဖွဲ့စည်းသွားရန် ခေါင်းဆောင်ပိုင်းအကြီးအကဲတို့တွင် ဆန္ဒရှိလျက်ရှိနေပြီး မကြာမီတွင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ထိုသို့ အကြမ်းဖက်တန်ပြန်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြား အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါက နှစ်နိုင်ငံ အမျိုးသားလုံခြုံရေးကို ဖန်တီးနိုင်ရုံမျှမက အရှေ့တောင်အာရှဒေသတွင် လုံခြုံရေးကိုပါ ခိုင်မာစွာတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအချို့ကို ကောက်နုတ်ရေးသားဖော်ပြရမည်ဆိုလျှင် ရုရှား-မြန်မာဆက်ဆံရေးသည် မိတ်ဆွေစစ် မိတ်ဆွေမှန်ဆက်ဆံရေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံအား သမိုင်းကြောင်းတစ်လျှောက် အထင်ကြီးလေးစားဂုဏ်ယူမိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ တိုင်းသူပြည်သူအားလုံးသည်လည်း နိုင်ငံတွင် အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရတိုင်း မိမိတို့ဘက်မှာ မားမားမတ်မတ်ရပ်တည်ပေးခဲ့သည့် ရုရှားနိုင်ငံ၏ ကျေးဇူးကို အစဉ်အမှတ်ရနေမည်ဖြစ်သလို ရုရှားနိုင်ငံသည်လည်း အမေရိကန်နှင့် ဥရောပမဟာမိတ်နိုင်ငံများက မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ထားခဲ့သည့် ကာလများတွင် ပစ်မထားဘဲ အစဉ်ကူညီဖေးမပေးခဲ့သည်ကိုလည်း အသိအမှတ်ပြု ဂုဏ်ယူမိပါကြောင်း ပြောကြားခဲ့ပါသည်။



# မင်းတပ်မြို့ လမ်းဆုံလမ်းခွများ၌ မီးပွိုင့်နှင့် စီစီတီဗွီများ တပ်ဆင်

**မင်းတပ် ဖေဖော်ဝါရီ ၆**

မင်းတပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် မင်းတပ်မြို့ လမ်းဆုံလမ်းခွများ၌ မီးပွိုင့်တစ်စုံ၊ မီးဝါလုံးများနှင့် စီစီတီဗွီများတပ်ဆင်ကြောင်း သိရသည်။

မင်းတပ်မြို့ရှိ လမ်းဆုံလမ်းခွနေရာများ၌ ယနေ့နံနက်ပိုင်းတွင် မီးပွိုင့် တစ်စုံ၊ မီးဝါလုံးတိုင် ကိုးခုနှင့် စီစီတီဗွီ ၁၉ လုံးတပ်ဆင်နေပြီဖြစ်ကြောင်း၊ အဆိုပါ မီးပွိုင့်တစ်စုံ၊ မီးဝါလုံးတိုင် ကိုးခုနှင့် စီစီတီဗွီ ၁၉ လုံးကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၃ သန်းဖြင့် တပ်ဆင်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်မေသူလက်ထံမှ သိရသည်။

အဆိုပါ မီးပွိုင့်တစ်စုံ၊ မီးဝါလုံးတိုင် ကိုးခုနှင့် စီစီတီဗွီ ၁၉ လုံးတို့ကို တပ်ဆင်ခြင်းဖြင့် ပြည်သူများ ဆိုင်ကယ်များနှင့် ယာဉ်များ မောင်းနှင်ရာတွင် စည်းကမ်းရှိရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာ မောင်းနှင်ကြရန် ရည်ရွယ်၍ တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

**ခွီရှိန်းမောင်(မင်းတပ်)**

■

# တိုင်းရင်းသားပြည်သူများ တပ်မတော်ဆေးရုံများတွင် ဆေးကုသနိုင်ကြောင်း ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က တိုင်းရင်းသားပြည်သူများ တပ်မတော်ဆေးရုံများတွင် ဆေးကုသနိုင်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်ကို ဖေဖော်ဝါရီ ၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေပြီး နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေလိုသော ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်ဆောင်ရွက်သူအချို့က Civil Disobedience Campaign အဖြစ် လူမှုကွန်ရက်မှတစ်ဆင့် စည်းရုံးဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းအချို့ နားယောင်၍ လုပ်ငန်းတာဝန်ပျက်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို သိရှိရပါကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆရာဝန်များအနေဖြင့် ဆရာဝန်ဘွဲ့အပ်နှင်းခံရစဉ် ကတိသစ္စာ၌ ကျွန်ုပ်သည် လူသားအားလုံး၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ကျန်းမာရေးကို ကျွန်ုပ်အရေးကဲ့သို့ ယူဆပါအံ့၊ ကျွန်ုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းပါအံ့၊ ကျွန်ုပ်သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂီလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာ၊ မေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာ မရွေး စွမ်းစွမ်းတမံစောင့်ရှောက်ကုသပါအံ့၊ ကျွန်ုပ်သည် ဆည်းပူးတတ်မြောက်ထားသောဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့ဟူသည့်အချက်များကို ထည့်သွင်း အဓိဋ္ဌာန်ပြုခဲ့ရသူများ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အဖျက်အမှောင့်ဆောင်ရွက်လိုသူတို့၏ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပျက်စီးစေသော သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ခြင်းမပြုဘဲ စောင့်ထိန်းအပ်သော ကတိသစ္စာအရ ပြည်သူလူထုအပေါ်သာ သစ္စာစောင့်သိရန် မေတ္တာရပ်ခံလိုပါကြောင်း။

လက်ရှိအခြေအနေတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာနိုင်သော နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တပ်မတော်သား ဆေးတပ်ဖွဲ့ဝင်များဖြင့် ပါဝင်ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံ တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ ဆက်သွယ်ဆေးကုသမှု ခံယူသွားနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ကုသရေးဆေးရုံများ၌ အရပ်သားပြည်သူများ ဆေးကုသမှုလာရောက်ခံယူ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ပေးအပ်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ၌ အရပ်သားပြည်သူများ ဆေးရုံတက်ရောက်ကုသနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေက ကြည့်ရှုစစ်ဆေးစဉ်။



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တပ်နယ် ပုသိမ်မြို့ နယ်မြေခံဆေးတပ်ရင်းတွင် လာရောက်ဆေးကုသမှုခံယူကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးနေစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၆**
ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့ရှိ အထွေထွေရောဂါကုဆေးရုံများတွင် ဆေးဝါးကုသရန် ခက်ခဲလျက်ရှိသော သံဃာတော်များ၊ ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများကို ပြင်ဆင်ဆောင်ရွက်ထားရှိလျက်ရှိပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေ့ထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံတပ်ရင်းရှိ ယာယီအရေးပေါ်ကုသရေးဆေးရုံ၌ ယနေ့ထိ ဆေးရုံလာရောက်ပြသသူ ၆၁ ဦးရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၁၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံလာရောက်ပြသနေသူများနှင့် ဆေးရုံတက်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

အလားတူ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဒေသခံပြည်သူ ၂၂ ဦးနှင့် မြိတ်မြို့ရှိ တပ်မတော်ဆေးရုံသို့ သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ ၈၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆေးရုံလာရောက်ပြသသူ ၂၃ ဦးတို့ လာရောက်ပြသကြရာ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ကုသရန် လိုအပ်သူများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီးကြောင်းနှင့် အဆိုပါဆေးရုံတက်လူနာများနှင့် လူနာစောင့်များ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌လည်း ဒေသခံပြည်သူများ ဆေးရုံတက်ရောက်ကုသနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

**✻ ကျောဖုံးမှ**

ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသည့် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း၊ လမ်းဘေးဝဲယာရှိ ရိုးရာထန်းတဲများသည် ထန်းပင်မှထွက်ရှိသည့် ပစ္စည်းများ ရောင်းချခြင်းသာမက ထန်းမျှော်စင်၊ ထန်းလင့်စင်များ၊ ထန်းပင်ပေါ်တက်သည့် ကြောင်လိမ်လှေကားများဖြင့် ဘုရားဖူးများအညာဒေသ၏ အငွေ့အသက်များကို ပြသသည့် လုပ်ဆောင်ချက်များ၊ ထန်းထွက်ပစ္စည်းများအား လေ့လာနိုင်ရန် ပြင်ဆင်ထားရှိထားကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်သည့် ဘုရားဖူးခရီးသွားများအား ရိုးရာခလေ့ နွားဖြင့် ဆီကြိတ်သည့် ဆီဆုံလှည့်လည်ကြိတ်ပုံ၊ ပုဂံဒေသ မီးပုံးပျံစီးသည့် ပုံများကိုလည်း ဓာတ်ပုံ ရိုက်နိုင်အောင် တည်ဆောက်ထားကြောင်း၊ ထန်းလှီးအိမ်၊ ရိုးရာနွားလှည်း၊ ထန်းလင့်စင်၊ ထန်းမျှော်စင်၊ ကြောင်လိမ်လှေကားတို့ဖြင့် ဓာတ်ပုံရိုက်နိုင်ခြင်း၊ ဗီဒီယိုရိုက်နိုင်အောင် စီစဉ်ထားရှိကြောင်း သိရကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ချိန် ဘုရားဖူးခရီးသွားများ စိတ်အေးချမ်းသာစွာ အပန်းဖြေနားနေနိုင်ရန် ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်း ထန်းတဲပိုင်ရှင်များထံမှ သိရသည်။

ကိုထိန်(ကျောက်ပန်းတောင်း)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ဆန်၊ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**
ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဆန်၊ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းမှ အလယ်ကျေးရွာနှင့် အတွင်းပဒံကျေးရွာများရှိ အိမ်ထောင်စု ၁၈၀၀ အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။



အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာနှင့် အိုးဖိုကျေးရွာတို့ရှိ အိမ်ထောင်စု ၃၀၀ အတွက် ဆန်၊ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများကို နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် လိုက်လံပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# မဟာမုနိဘုရားကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအား ၂၉-၃-၂၀၂၀ ရက်နေ့မှစတင်၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါ ကာကွယ်တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် ဘုရားကြီးဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီတော်များအား အချိန်၊ လူဦးရေ ကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

**ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်**

၁။ ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်။

၂။ ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်။

၃။ ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်းရှင်လူများနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်။

၄။ မဟာမုနိဘုရားကြီးအား ဖူးမြော်ရာတွင် နေ့စဉ်နံနက် ၆ နာရီအချိန်မှ ၇ နာရီအချိန်ထိလည်းကောင်း၊ နံနက် ၈ နာရီအချိန်မှ ၉ နာရီအချိန်ထိလည်းကောင်း၊ နံနက် ၁၀ နာရီအချိန်မှ မွန်းလွဲပိုင်း ၁၁ နာရီအချိန်ထိလည်းကောင်း နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁နာရီအချိန်မှ ၂ နာရီအချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ နာရီအချိန်မှ ၄ နာရီအချိန်ထိလည်းကောင်း၊ ညနေ ၅ နာရီအချိန်မှ ၆ နာရီအချိန်ထိလည်းကောင်း မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၂၅၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၁၅၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည် ဖြစ်ပါသည်။

၅။ တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၂၅၀ ဦး ဖူးမြော်နိုင်မည် ဖြစ်ပါသည်။

၆။ ဘုရားကြီးအား ဖူးမြော်ချိန်အဖြစ် တစ်ကြိမ်လျှင် ၁ နာရီခွင့်ပြုမည် ဖြစ်ပါသည်။

၇။ ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း(အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ)အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်။ ပိုမိုမြန်ဆန်စေရေးအတွက် ကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသား ယူလာနိုင်ပါသည်။

၈။ ဘုရားဖူးပြည်သူများသည် မဟာမုနိဘုရားကြီးအား ဝင်ရောက်လာသည့် မုခ်ဦးများမှသာ ပြည်လည်ထွက်ခွာရမည်ဖြစ်သည်။

**ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အချက်များ**

၁။ ဖျားခြင်း(ကိုယ်အပူချိန် ၁၀၀.၄°F/၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ခြင်းစသည့် ကိုဗစ်သံသယလက္ခဏာ တစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ။

၂။ ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ထားရမည်။ အသက် ၆၀ အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုးစသည့် နာတာရှည်ရောဂါအခံရှိသူများ အနေဖြင့် မျက်နှာအကာများကိုပါ တွဲဖက်၍ ဝတ်ဆင်လာရပါမည်။

၃။ ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ်Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်း လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်။

၄။ ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်။

၅။ ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကိုကြမ်းပြင် (သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်ခွာသည့်အခါတွင် စောင်းတန်းအဝင်ဝနှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကိုအနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးကြောခြင်း(သို့မဟုတ်)အယ်ကိုဟောလ် အနည်းဆုံး ၆၀% ပါဝင်သော ရေမလိုလက်သန့်ဆေးရည်(Hand Sanitizer)အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ။

၆။ ဘုရားရှိခိုးပြီးတိုင်း (လက်ကို ကြမ်းပြင် (သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျ ချက်ချင်းပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး(၆၀%) ပါဝင်သော ရေမလိုလက်သန့်ဆေးရည်(Hand Sanitizer)ဘူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်။

၇။ စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်။

၈။ ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ထွက်ပေါက်များနှင့် ဘုရားပရိဝုဏ်အတွင်း တစ်ဦးနှင့် တစ်ဦး ၆ပေအကွာ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်။

၉။ ဘုရားကြီး၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်။

၁၀။ ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask)နှင့် တစ်ခါသုံး တစ်ရှူးစက္ကူများကို အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်။

၁၁။ ဘုရားကြီးသို့ သွားရောက်ဖူးမြော်ခဲ့ပြီးနောက် ၇ ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာ ကျန်းမာရေး ဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။





# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၌ နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ဟိုပုံးမြို့၊ လွိုင်ကော်မြို့၊ ခိုလမ်မြို့၊ မိုင်းဆတ်မြို့၊ ကျိုင်းတုံမြို့၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ သန်လျင်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ပုသိမ်မြို့၊ ကွင်းကောက်မြို့နှင့် တောင်ငူမြို့များရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက်စုစုပေါင်း ၁၇ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်စာသင်တိုက် စုစုပေါင်း သုံးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ တပ်မတော်မှ ဆေးအဖွဲ့များက ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ကျေးလက်ဒေသများတွင် ယနေ့တိုင် မြင်တွေ့နေရသည့် မြန်မာတို့၏ မိရိုးဖလာ လက်မှုလုပ်ငန်းများ



ဇေယျာထက်(မင်းဘူး)

ရှေးမြန်မာဘုရင်များ လက်ထက်တွင် စက်မှုလုပ်ငန်းများ မရှိခဲ့သော်လည်း အိမ်တွင်းလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး၍ နိုင်ငံတစ်ဝန်းလုံး အနှံ့အပြားရှိခဲ့သည်။ အိမ်တိုင်းအိမ်တိုင်း၌ ရက်ကန်းစင်များကိုတွေ့ရှိရပြီး ရွာတိုင်းရွာတိုင်း၌လည်း တောင်းရက်ခြင်း၊ ပလုံးရက်ခြင်း၊ ဖျာရက်ခြင်း၊ အိုးဖုတ်ခြင်းနှင့် ပန်းထိမ်၊ ပန်းပဲလုပ်ငန်းများ တွေ့ရှိရသည်။ မြို့ကြီးများတွင် လက်မှုလုပ်ငန်းများအစား စက်ပစ္စည်းများဖြင့် အစားထိုးဝင်ရောက်လာ၍ လက်မှုလုပ်ငန်းအချို့ ပျောက်ကွယ်ခဲ့ကြသော်လည်း ကျေးလက်တောရွာများတွင် လက်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက် ရှိနေကြသည်။

### အားထုတ်ဆောင်ရွက်

တစ်စတစ်စဖြင့် တိုးချဲ့လုပ်ကိုင်လာကြသော လုပ်ငန်းများမှာ ယွန်းထည်လုပ်ငန်း၊ ထန်းလျက်၊ ကြံသကာနှင့် ဆားချက်ခြင်းလုပ်ငန်းများ၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဂျက်ခုတ်လုပ်ငန်းအပြင် အဝတ်အထည်အမျိုးမျိုး ရက်လုပ်ခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြသော်လည်း ဗြိတိသျှခေတ်တွင် အိမ်တွင်းလက်မှုလုပ်ငန်းများ ဆုတ်ယုတ်ကွယ်ပျောက်ခဲ့ပေသည်။ သို့သော် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အိမ်တွင်းလက်မှုပညာများ ထွန်းကားတိုးတက်စေရန် အစိုးရနှင့်လူထု တညီတညာတည်း အားထုတ်ဆောင်ရွက်ခဲ့ကြသည်။



### လူနေမှုအဆင့်မြှင့်တင်နိုင်မည်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အမှီပြုနေထိုင်ကြရသလို တောင်သူလယ်သမားများ၏ လက်မှုလုပ်ငန်းများသည်လည်း စိုက်ပျိုးရေးအတွက် ဝင်ငွေဖြည့်တင်းပေးရပြီး မြန်မာနိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည် ကျေးလက်တောရွာများတွင်နေထိုင်သော တောင်သူလယ်သမားများဖြစ်ကြသဖြင့် အိမ်တွင်းလက်မှုလုပ်ငန်းများရှိမှသာ ထိုသူတို့၏ နေရေးထိုင်ရေးနှင့် လူနေမှုအဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ ထိုလက်မှုလုပ်ငန်းများသည် စက်ရုံကြီးများ၊ အလုပ်ရုံကြီးများကဲ့သို့ ရင်းနှီးငွေများစွာမလိုချေ။ သင့်တင့်သော ငွေကြေးနှင့်ပင် လည်ပတ်အောင် ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ရင်းနှီးငွေရှားပါးသော မြန်မာနိုင်ငံအတွက် ထိုလုပ်ငန်းများ ထွန်းကားမှသာ ပြည်သူများ အဆင်ပြေကြပေမည်။

### ယနေ့တိုင်တွေ့မြင်နေရ

ယခုအခါ လက်မှုလုပ်ငန်းများသာမက မွေးမြူရေးလုပ်ငန်းများဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲနှင့် ငါးမွေးမြူခြင်းများအပြင် အုတ်လုပ်ငန်း၊ အိုးလုပ်ငန်း၊ မီးသွေးဖုတ်၊ ထုံးဖုတ်၊ ဆားချက်၊ ထီးလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ သားရေလုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ အိုးခွက်လုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ ကော်ဖီမှုန့်၊ ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီလုပ်ငန်းများ လုပ်ကိုင်ကြပြီး အချို့ကို ခေတ်မီစက်ကိရိယာများ အသုံးပြုလျက် လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ သို့သော် ကျေးလက်တောရွာများတွင် ရက်ကန်းရက်လုပ်ခြင်း၊ တောင်း/ပလုံးရက်လုပ်ခြင်း၊ ဖျာအမျိုးမျိုးရက်လုပ်ခြင်းနှင့် အိုးလုပ်ငန်းများကို မြန်မာတို့၏ မိရိုးဖလာ လက်မှုလုပ်ငန်းများအဖြစ် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြသည်ကို ယနေ့တိုင် တွေ့မြင်နေကြရသေးသည်။

## ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ ကြက်သွန်နီစိုက်ပျိုးရာတွင် ဥစိုက်ပျိုးခြင်းအစား အထွက်နှုန်းကောင်းသော ပျိုးပင်စိုက်ပျိုးခြင်းကို အားထားစိုက်ပျိုးလုပ်ကိုင်

ပွင့်ဖြူ ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများ နုတ်သိမ်းချိန်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေသဖြင့် သီးနှံဝင်ငွေ အကျိုးအမြတ်နည်းပါးခဲ့သည့်အတွက် နွေရာသီ ကြက်သွန်နီ ဈေးကွက်တွင် ဈေးကောင်းရရှိရေး မျှော်လင့်၍ စီးပွားဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်နေကြကြောင်းနှင့် ကြက်သွန်နီသီးနှံစိုက်ပျိုးရာတွင်လည်း ဥစိုက်ပျိုးခြင်းအစား အထွက်နှုန်းကောင်းသော ပျိုးပင်စိုက်ပျိုးနည်းစနစ်ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်ပျိုးတောင်သူများထံမှ သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း)စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် စပါး၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ နေကြာ၊ ကုလားပဲသီးနှံနှင့် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံကို စိုက်ပျိုးကြကြောင်းနှင့် ကြက်သွန်နီသီးနှံအား သုံးရာသီ စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ ယခုနှစ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကာ အထွက်နှုန်းများကောင်းမွန်ခဲ့သော်လည်း လက်ရှိတွင် ကြက်သွန်နီဈေးနှုန်းများကျဆင်းနေ၍ ကြက်သွန်နီစိုက်ပျိုးတောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ်နည်းပါးကာ လုပ်ငန်းအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ဒေသခံတောင်သူတွေဟာ မုန်းချောင်းရေနဲ့ ကိုယ်ပိုင်စက်ရေတွင်းတွေကနေ ကြက်သွန်နီကို(နွေ၊ မိုး၊ ဆောင်း) သုံးရာသီ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒီနှစ်မှာတော့ မိုးကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်ချိန်မှာ ဈေးနှုန်းက တစ်ပိဿာကို ငွေကျပ် ၃၀၀၊ ၄၀၀ လောက်သာ ရောင်းချရလို့ စိုက်ပျိုးစရိတ်နဲ့တွက်ရင် တွက်ချေမကိုက်ဘူး ဖြစ်နေပါတယ်။

ပြီးခဲ့နှစ်တုန်းက ယခုလို မိုးကြက်သွန်နီပေါ်ချိန်မှာ တစ်ပိဿာကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ နှုန်းနဲ့ ရောင်းချရတော့ ကြက်သွန်နီ စိုက်ပျိုးတဲ့ တောင်သူတွေအားလုံး အဆင်ပြေပါတယ်။ ယခုနှစ်မှာတော့ ကြက်သွန်နီဈေးနှုန်းက ထင်မထားတဲ့ ဈေးနှုန်းတွေဖြစ်လို့ အဆင်မပြေဘူးပေါ့ဗျာ။ အရင်းအနှီးစရိတ်နဲ့တွက်ရင် အကျိုးအမြတ်မရဘူး။ ဒါကြောင့် တောင်သူတွေက နွေရာသီကာလမှာ ကြက်သွန်နီဈေးကောင်းရရှိဖို့အတွက် မျှော်လင့်ပြီးတော့ အားထားစိုက်ပျိုး လုပ်ကိုင်နေကြပါတယ်။

အဲဒီလို စိုက်ပျိုးရာမှာ ယခင်နှစ်တွေက ဥစိုက်စနစ်နဲ့ စိုက်ပျိုးကြပြီး ယခုနှစ်မှာတော့ တောင်သူအများစုက ကြက်သွန်နီ ပိုပြီးအထွက်တိုးတဲ့ ပျိုးပင်စိုက်နည်းစနစ်နဲ့ ပြောင်းလဲစိုက်ပျိုး လုပ်ကိုင်လာကြပါတယ်။ ပျိုးပင်ဝယ်ယူပြီး စိုက်ပျိုးခြင်းဟာ ဥစိုက်စနစ်နဲ့ စိုက်ပျိုးမှုထက် ကုန်ကျစရိတ်လဲ သက်သာစေပါတယ်။ နွေကြက်သွန်နီ ဈေးကွက်ကို မျှော်မှန်းပြီးတော့ စိုက်ပျိုးရတာဖြစ်လို့ ဈေးကောင်းရရှိဖို့အတွက် တောင်သူတွေအနေနဲ့ မျှော်လင့်နေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်ပျိုးတောင်သူ ဦးရဲမင်းက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည့် ကျေးရွာများမှာ အင်းနက်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ ကြူဝင်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကွဲခြံကျေးရွာနှင့် လယ်မကျေးရွာတို့ဖြစ်ပြီး မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း စိုက်ပျိုးလုပ်ကိုင်ကြပြီး ကြက်သွန်နီစိုက်ပျိုးရာတွင် မိုးရာသီနှင့် ဆောင်းရာသီတွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

## ရေစကြိုမြို့နယ်မှ ထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရေးလမ်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

ရေစကြို ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၃၈ သန်းဖြင့် ဝွက်ကြီးကျေးရွာ ကုန်ထုတ်လမ်းအား မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက သက်ဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရေစကြိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်တင်အေးထွန်းနှင့် အဖွဲ့သည် ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဝွက်ကြီးကျေးရွာ ကုန်ထုတ်လမ်းအား မြေနီကျောက်စရစ်လမ်းအဖြစ် ဆောင်ရွက်နေမှုကို ကွင်းဆင်းတိုင်းတာခဲ့ပြီး တင်ဒါအောင်မြင်သောကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ဖြည့်စွက်အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

ဝွက်ကြီးကျေးရွာ ကုန်ထုတ်လမ်း မြေနီကျောက်စရစ်လမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအရှည် တစ်မိုင်အား လမ်းအကျယ် ၁၂ ပေ၊ ဒု ၁ ပေ ၉ လက်မရှိ ကျောက်ရောမြေတင်၍ မြေနီကျောက်စရစ်လမ်း အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိပြီး လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက စိုက်ပျိုးဧက ၂၅၀ ကျော် အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်အေးထွန်းက ပြောသည်။

မကွေးဝင်းမောင်



# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်းပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညို ခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇) မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




## ၇. ၂. ၂၀၂၁ (တနင်္ဂနွေနေ့) မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်

**နံနက်ပိုင်း**

(၆: ၀၀) - တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်( ရတနသုတ်)
(၇: ၀၀) - Breakfast News
(၈: ၄၀) - တရုတ်ကာတွန်း "ပိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း" (အပိုင်း-၅)
(၉: ၁၀) - (၇၄) နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် "တိုင်းရင်းသားတို့လူမှုဝန်းကျင်မျိုးစုံလင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်" (နေပြည်တော်)
(ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ)
(၉: ၃၅) - လှပစုံလင်အာဆီယံတစ်ခွင်
(၉: ၄၅) - Mingalarbar English သင်ခန်းစာအစီအစဉ် (အပိုင်း-၄)
(၁၀: ၀၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအစီအစဉ် "စိန်ရတုခရီးသည်" (အပိုင်း-၄)
(၁၀: ၃၀) - "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်"
(၁၂: ၃၅) - This Week's Special Interest
(၁၂: ၅၀) - ဆေးရောင်စုံရုပ်ရှင် "လျှို့ဝှက်သောနှင်း"(ညွန့်ဝင်း၊ လွင်မိုး၊ လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ- စင်ရော်မောင်မောင်)

**ညပိုင်း**

(၁၆: ၃၅) - "ရှမ်းရိုးရာခေါင်းပေါင်း"
(၁၇: ၁၅) - ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
(၁၇: ၄၀) - ရာဇဝင်ထဲက သမိုင်းအနုပညာ "သမိုင်းထဲက စစ်ကိုင်း" (အပိုင်း-၁၇)
(၁၈: ၂၅) - လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် "ကမ္ဘာကျော်တူရိယာ စစ်ကိုင်းဂီတာ"
(၁၉: ၃၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအစီအစဉ် "စိန်ရတုခရီးသည်" (အပိုင်း-၅)
(၂၀: ၀၀) - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
(၂၁: ၀၀) - "ဘဝနှင့်အနုပညာ" (အကယ်ဒမီ ငြိမ်းငြိမ်းအိ)
(၂၁: ၂၀) - မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်တက္ကစီ" (ခန့်စည်သူ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ- သန့်ဇင်အောင်)
- တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်( ရတနသုတ်)
- အစီအစဉ်ပြီး၏။

## မောင်တောမြို့နယ်၌ ငွေကျပ် သိန်း ၆၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ကျော်မင်းထွန်း၊ ထွန်းသာစိန်၊ မောင်အေးနု၊ ကျော်နိုင်ဝင်း(ခ) ကျော်လှိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၆**
မောင်တောမြို့နယ်၌ ငွေကျပ်သိန်း ၆၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၁ နာရီက သတင်းအရ မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီးတွင် ငွေတောင်ကျေးရွာမှ ကျီးကန်းပြင်ကျေးရွာသို့ ကျော်မင်းထွန်း မောင်းနှင်ပြီး ထွန်းသာစိန် လိုက်ပါလာသော ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၆၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၇၅၀ ရှာဖွေတွေ့ရှိသည်။ ထို့နောက် စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ခိုင်းသူ မောင်အေးနု၊ ကျော်နိုင်ဝင်း(ခ) ကျော်လှိုင်တို့ကို ပြဿဒ်ရွာအနီးတွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ပန်းတောင်းမြို့နယ်၌ ဆီပီပါအတွင်းသို့ ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး မီးလောင်ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာရှိ "ဖြိုးခနဲ" စက်သုံးဆီဆိုင်တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာနေ ရွှေထွန်းပိုင်ဆိုင်သည့် "ဖြိုးခနဲ" စက်သုံးဆီရောင်းဝယ်ရေးဆီဆိုင်၌ ဖေဖော်ဝါရီ ၄ ရက် ည ၉ နာရီခန့်က ၎င်း၏သားဖြစ်သူ ရဲဖြိုးအောင်မှာ ဓာတ်ဆီလှောင်ကန်အတွင်းမှ ဓာတ်ဆီများ ဆီပီပါအတွင်းသို့ ဆီဖြည့်နေစဉ် ပွတ်တိုက်မှုဖြစ်ပွားရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းနိုင်ခဲ့ပြီး မီးလောင်မှုကြောင့် ဓာတ်ဆီပီပါသုံးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။ ထို့ပြင် ရဲဖြိုးအောင်နှင့် ရွှေထွန်းတို့နှစ်ဦးတွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ရွှေထွန်းအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အင်းစိန်မြို့နယ်၌ လမ်းဖြတ်ကူးသူအား ယာဉ်တိုက်မိ သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၆**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီခန့်က ယာဉ်တစ်စီးက လမ်းဖြတ်ကူးသူအား တိုက်မိ၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက်နေ ဒေါ်တင်တင်ဦးသည် လှိုင်မြစ်လမ်းကို တောင်မှမြောက်သို့ ဖြတ်ကူးစဉ် အဆိုပါလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးက ဝင်ရောက်တိုက်မိပြီး ဒေါ်တင်တင်ဝင်းတွင် ဒဏ်ရာများရရှိကာ ဆေးရုံသို့ပို့ဆောင်ကုသစဉ် သေဆုံးသွားသဖြင့် ယာဉ်မောင်းအား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂)နေ အောင်ကျော်ထွန်းအား ၎င်းမောင်းနှင်သော ၁၀ ဘီးယာဉ်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များ အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၆**
အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီအထိ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း အမှတ်(၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်ငါးစီး၊ ဖြူးတိုးဂိတ်၌ ယာဉ်ငါးစီး၊ သီးကုန်းတိုးဂိတ်၌ ယာဉ်လေးစီး၊ စကားအင်းတိုးဂိတ်၌ ယာဉ်လေးစီး စုစုပေါင်း ၁၈ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ကော့သောင်းမြို့၌ ကုန်စည်စီးဆင်းမှုနှင့် ကုန်စည်ဈေးနှုန်းများ ပုံမှန်အခြေအနေရှိ



**ကော့သောင်း ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့နှင့် နီးကပ်သည့် နယ်စပ်မြို့ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုလုပ်ငန်းများ သတိပြုဆောင်ရွက်လျက်ရှိပြီး လက်ရှိအခြေအနေတွင် ကုန်စည်စီးဆင်းမှုနှင့် အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ ပုံမှန်အခြေအနေဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့နေ ပြည်သူများအနေဖြင့် ယခင်ကတည်းက အသီးအရွက်၊ သားငါးနှင့် စားသောက်ကုန်တချို့ကို ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ဝယ်ယူတင်သွင်းမှုများရှိခဲ့ရာ ယခုကာလအတွင်း ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေး နှစ်နိုင်ငံကူးသန်းသွားလာမှု ပိတ်ပင်တားမြစ်ထားသော်လည်း ထိုင်းနိုင်ငံမှ ဒေသသုံးအခြေခံစားကုန်တင်သွင်းမှုနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုများကို နှစ်နိုင်ငံအဖွဲ့အစည်းများ၏ ညှိနှိုင်းမှုဖြင့် ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများ အပြန်အလှန်စနစ်တကျ သတိပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နေပြည်သူများ၏ အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ပြည်တွင်းပို့အခြားကုန်ပစ္စည်းများမှာ ကော့သောင်း-ရန်ကုန်ပြည်ထောင်စုလမ်းပိုင်းမှ မော်တော်ယာဉ်များဖြင့် ပုံမှန်စီးဆင်းပို့ဆောင်ရောင်းဝယ်မှုများကြောင့် ဒေသတွင်း ကုန်ပစ္စည်းပြတ်လပ်ရှားပါးမှုမဖြစ်ပေါ်သည့်အပြင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ်ပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၆**

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကရင်ပြည်နယ်အတွင်းရှိ သီးနှံစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်းကို ယမန်နေ့က ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

GAP အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်းအခမ်းအနားတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးသန်းလှိုင်က GAP အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံ၊ လှိုင်းဘွဲ၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့များမှ မြေပဲ၊ ကော်ဖီ၊ ကျွဲကောသီး၊ နှမ်းများအတွက် GAP အသိအမှတ်ပြုလက်မှတ်ရရှိသော တောင်သူများအား ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မျိုးစေ့တာဝန်ခံ၊ ပြည်နယ်မြေအသုံးချရေးတာဝန်ခံနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများက ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများ စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားမှုမှာ စုစုပေါင်း တောင်သူ ၂၃ ဦး၊ သီးနှံ ၂၂ မျိုး၊ လက်မှတ်ပေါင်း ၃၄ ခုရှိပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဆီဆိုင်မြို့ပေါ်ရှိ ဆေးဆိုင်များ၌ စံမညီဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ လိုက်လံစစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ပေါ်ရှိ ဆေးဆိုင်များ၌ စံမညီဆေးဝါးများရောင်းချမှု ရှိ၊ မရှိကို ယမန်နေ့က သက်ဆိုင်ရာပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်ထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်နန်းဝင်းမြင့်၊ ဆေးဘက်ကျွမ်းကျင်(၄) ဆေးစပ်ဆရာမ ဒေါ်ချယ်ရီသင်းနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ ဆီဆိုင်မြို့ပေါ်၌ ရောင်းချလျက်ရှိသော ဆေးဆိုင်ရှစ်ဆိုင်အား စံမညီသည့်ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ပြန်/ဆက်)**








**ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ**

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအဖြစ်အခြင်းမရှိဘဲ ကောင်းကျန်းနေသူများ ဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်နေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ လူထိုင်ခုံလွတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(မှတ်ချက်။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့ လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှန့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်ဝနေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ၊ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း စည်းဝေးလက်စံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် ဧည့်ကြိုဧည့်ခံ/စာထုတ်စာလုပ်ဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား အခွဲတစ်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ် စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ယုံကြည်အောင် ဖုံးအုပ်ပါ၊ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြား နေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြား ပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မိသားစုဝင်ငွေတိုးရန် တစ်ပိုင်တစ်နိုင် ဂျုံးမြစ်စိုက်ပျိုး

**တောင်ကြီး ဖေဖော်ဝါရီ ၆**
ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် သီးပင်စားပင်များကို စိုက်ပျိုးလျက်ရှိရာ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်တွင် ဂျုံးမြစ်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချလျက်ရှိသည်။

"ဝါဆိုလမှာစတင်စိုက်ပျိုးပြီး ခြောက်လပြည့်ရင်အမြစ်ကို တူးလို့ရပြီ။ မျိုးကတော့ဂျုံးမြစ်ထိပ်ပိုင်းကိုလှီးပြီး အပင်ကို ပြန်စိုက်ရတယ်။ စိုက်ပျိုးချိန်မှာမြေဩဇာမသုံးဘူး အပင်ထွက်လာရင်ကြီးထွားဖို့ မြေဩဇာကိုသုံးတယ်။ ပိုးသတ်ဆေးမသုံးဘူး။ရေသွင်းစိုက်ပျိုးရပြီး ထွက်ရှိလာတဲ့ဂျုံးမြစ်ကိုတော့ ရန်ကုန်ဈေးကွက်နဲ့ တောင်ကြီးဈေးကွက်တွေမှာ တင်ပို့ရောင်းချတယ်။ ဈေးနှုန်းကတစ်စည်းကိုကျပ် ၁၀၀ နှုန်းပဲ။ ဂျုံးမြစ်တစ်ဧက အရင်းအနှီးကသိန်း ၃၀ လောက်ကုန်တယ်။ ပြန်ရောင်းလို့ရတဲ့အမြတ်က နေ့စားလုပ်အားခများတဲ့အတွက် ပိုင်ရှင်ကတစ်ဝက်လောက်ပဲရတယ်။ ဂျုံးမြစ်တူးဖော်တဲ့အခါနေ့စား အလုပ်သမားကတစ်ရက်ကို ကျပ် ၇၀၀၀ နဲ့ အယောက် ၃၀ ခေါ်ရတယ်။ ဂျုံးမြစ်ဆေးတဲ့သူကိုတော့ တစ်ရက်ကိုကျပ် ၆၀၀၀ ပေးရတယ်။ အမြစ်ကို ပြန်စည်းပေးတဲ့သူကိုတော့တစ်ရက်ကို ကျပ် ၅၀၀၀ နှုန်း ပေးရပါတယ်။ ဂျုံးမြစ်ရောင်းလို့ရတဲ့ ငွေအမြတ်က အရင်းသာသာ လောက်ပဲပြန်ရတယ်" ဟု တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ ဂျုံးမြစ်စိုက်တောင်သူ ဦးဖြိန်းက ပြောကြားသည်။

ဂျုံးမြစ်ကိုပဲပုပ်၊ မြေပဲဆံနှင့်ရော၍ ဘာလချောင် အဖြစ်လည်းကောင်း၊ ရှင်ပြုပွဲ၊ မင်္ဂလာဆောင်ပွဲတို့တွင် ထမင်းကျွေးသောအခါ ပဲဆေးခါးဟင်းနှင့် ဂျုံးမြစ်သုတ်ကို လည်းကောင်း၊ ငါးဖြင့်ကြော်ခြင်း၊ ထောင်းစားခြင်းနှင့် ဟင်းထုပ်၊ ဝက်သားချဉ်၊ ငါးထမင်းနယ်တို့တွင် တွဲ၍စားနိုင်ပြီး၊ နေရာစုံတွင် အသုံးဝင်ကာ ကျန်းမာရေးအတွက် ဆေးဖက်ဝင်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့တွင်း ကျောက်စီရေမြောင်းများတည်ဆောက်

**လေရှီး ဖေဖော်ဝါရီ ၆**
စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ် စည်ပင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ထောက်ပံ့ရန်ပုံငွေဖြင့် မြို့တွင်းကျောက်စီ ရေမြောင်းများကို တည်ဆောက်လျက်ရှိကြောင်း လေရှီးမြို့နယ် စည်ပင်သာယာအမှုဆောင် အရာရှိ ဦးလာပဲထံမှ သိရသည်။

"မူလတန်းကျောင်း အထက်ကနေ နှင်းဆီလမ်း ထွေ/အုပ်ရုံးကြားလမ်း တစ်လျှောက် ပေ ၁၀၀၀၊ သဇင်လမ်း ပေါ်က စည်ပင်ရုံး အဆင်းလမ်း တစ်လျှောက်က ကျန်နေတဲ့ ၃၀၇ ပေ ရှည်တဲ့အပိုင်းတွေကို ကျောက်စီရေမြောင်းတွေလုပ်နေပါတယ်။ နောက်ပြီး မြေစာရင်းရုံးအောက်နားက ဘောလုံးကွင်းအဆင်း(ဆေးရုံအဆင်း) မှာ ပေ ၆၆၀ အရှည် ကျောက်စီရေမြောင်း တည်ဆောက်နေပါတယ်။ စုစုပေါင်း ၁၉၆၇ ပေ လုပ်ဆောင်နေတာ ပါ" ဟု ဦးလာပဲက ပြောသည်။



လေရှီးမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးထောက်ပံ့ရန်ပုံငွေကျပ် ၁၈ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက မြို့တွင်းကျောက်စီရေမြောင်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ "ခုနေရာတွေအားလုံးက အရင်ရေမြောင်းမကောင်းလို့ လမ်းပါထိခိုက်နေတဲ့နေရာတွေပါ။ ဆေးရုံအဆင်းမြောင်းကတော့ နှစ်ကာလကြာအားလုံး မျှော်လင့်ခဲ့ကြတဲ့ ရေမြောင်းဖြစ်တဲ့အတွက် ပိုဝမ်းသာရပါတယ်" ဟု လေရှီးဒေသခံတစ်ဦးက ပြောသည်။

လေရှီးမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့တွင်းမြေသားလမ်း လေးဖာလုံ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ပခုက္ကူမြို့နယ် ကျွန်းဦးကျေးရွာတွင် တစ်ပိုင်တစ်နိုင် ငရုတ်သီးစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိ

**ပခုက္ကူ ဖေဖော်ဝါရီ ၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းညိုကြီးအုပ်စု ကျွန်းဦးကျေးရွာတွင် မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် ငရုတ်သီးစိုက်ပျိုးခြင်းဖြင့် နှစ်စဉ်အပိုဝင်ငွေရရှိကြကြောင်း သိရသည်။

"ငရုတ်စိုက်ခင်းကို မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ သုညဒသမ ၈၀ လောက် စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတာက ခုနစ်နှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့ရွာနဲ့ အနီးပတ်ဝန်းကျင်ရွာတွေမှာရှိတဲ့ ငရုတ်စိုက်တောင်သူတွေ စုပေါင်းပြီး နှစ်စဉ်စိုက်ခင်းမှထွက်ရှိလာတဲ့မျိုးတွေကိုစုပြီးပျိုးပင်လုပ်ကြတယ်။ ပျိုးသက်တမ်းတစ်လကြာရင် စိုက်ပျိုးလို့ရပါပြီ။ တစ်ခါတလေပခုက္ကူမြို့ပေါ်မှာ စိုက်ပျိုးရေးစနစ်ခွက်နဲ့ရောင်းတဲ့မျိုးထုပ်လေးတွေဝယ်ပြီး စိုက်ပျိုးတာတွေလည်း ရှိပါတယ်။ စိုက်ပျိုးတာကတော့ အိန္ဒိယမျိုး မိုးမျှော်သီး(ခေါ်)မိုးထောင်သီး၊ အောက်ဆွဲသီးစတဲ့ ငရုတ်သီးမျိုးတွေပါ။ အရင်နှစ်ကတော့ ငရုတ်သီးအစိမ်းတစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော်အထိ ရောင်းရတယ်။ ငရုတ်သီးစိမ်းဈေးမကောင်းဘူးဆိုရင် အခြောက်လုပ်ပြီးရောင်းတယ်။ အခြောက်ကျတော့ တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ၄၀၀၀ အထိ ရောင်းရတယ်။ အရင်နှစ်စိုက်ခင်းကနေ ငွေကျပ် ၁၂ သိန်း ရပါတယ်။ အရင်းအနှီးငါးသိန်းနုတ်ရင် အမြတ်အစွန်းက ခုနစ်သိန်းကျန်ပါတယ်။ ဒီနှစ်ကျတော့ ငရုတ်သီးစိမ်းတွေ စတင်ခူးဆွတ်နေရပေမယ့် ဈေးကွက်မကောင်းလို့မရောင်းဘဲအခြောက်လုပ်ထားပါတယ်။ ဒီနှစ်အရင်းအနှီးကလည်း ငါးသိန်းလောက်ရှိသွားပါပြီ။ ဈေးကွက်ကောင်းရင်တော့ ခုနစ်သိန်း၊ ရှစ်သိန်းလောက်တော့အမြတ်ရမယ်လို့ခန့်မှန်းထားပါတယ်" ဟု ပခုက္ကူမြို့နယ် ကျွန်းညိုကြီးအုပ်စု ကျွန်းဦးကျေးရွာမှ တောင်သူဦးခင်အောင်က ပြောကြားသည်။ **ဆလိုင်းကိုကီး(ပြန်/ဆက်)**






## ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာ၌ သောက်သုံးရေအခက်ကြုံနေ၍ ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာတွင် ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်းသိရ၍ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဦးဝင်းမင်းထွန်း ဦးဆောင်သောပရဟိတရေလှူအဖွဲ့က ယမန်နေ့နံနက်ပိုင်းက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာသည် အိမ်ထောင်စု ၁၇၃ စု၊ လူဦးရေ ၈၀၀ ကျော်ခန့်ရှိပြီး ဒေသခံပြည်သူများမှာ သောက်သုံးရေအတွက် ကျေးရွာရှိစက်ရေတွင်းမှ ထွက်ရှိသောရေငန်ကို နှစ်ရက်ခန့်ကြာထားပြီး သောက်သုံးနေရသဖြင့် ယခုလို ပွင့်လင်းရာသီတွင် သောက်သုံးရေအတွက် နှစ်စဉ် အခက်ကြုံတွေ့နေရလေ့ရှိကြောင်း သိရသည်။

ကျေးရွာနေ ပြည်သူများက သောက်သုံးရေအခက်ကြုံတွေ့နေသည့်အတွက် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပရဟိတရေလှူအဖွဲ့မှ ဦးဝင်းမင်းထွန်းနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခဲ့သဖြင့် သောက်သုံးရေ ကုသိုလ်ရှင်များ၏ လှူဒါန်းမှု အစီအစဉ်ဖြင့် ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က သောက်သုံးရေ ဂါလန် ၁၆၀၀ ကို ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် အိမ်ထောင်စုအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာတွင် သောက်သုံးရေအတွက် မှီခိုအားထားရသော အနက်ပေ ၉၀ ခန့်ရှိ လက်ငင်တွင်းများ ရှိသော်လည်း မိုးတွင်းကာလများတွင်သာ ရေထွက်အားကောင်းပြီး ဒေသခံပြည်သူများ သောက်သုံးရေအတွက် အဆင်ပြေမှုရှိကြောင်းနှင့် ယခုလို ပွင့်လင်းရာသီချိန်တွင် ရေခန်းခြောက်မှုများ ကြုံတွေ့နေရ၍ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေရကြောင်း ညောင်ဦးမြို့နယ် ရွာသစ်တောင် ကျေးရွာ ဒေသခံပြည်သူများထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## စံချိန်တင်မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေး ပြန်လည်ကျဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာတစ်နိုင်ငံလုံးရှိ ရွှေလုပ်ငန်းရှင်များက စံဈေးနှုန်းအဖြစ် သတ်မှတ်ရောင်းဝယ်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေဈေးကွက်၌ ဖေဖော်ဝါရီ ၅ ရက် ညနေ ရွှေဈေးကွက်ပိတ်ချိန်တွင် အကယ်ဒမီ မီးလင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃၈၈၀၀၀ ဖြင့် ဈေးပိတ်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၆ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက အကယ်ဒမီ မီးလင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၁၃၆၀၀၀၀ ဖြင့် ဈေးဖွင့်အရောင်းအဝယ်ပြုလုပ်ရာမှ ညနေ ဈေးကွက်ပိတ်ချိန်တွင် ငွေကျပ် ၁၄၀၅၀၀၀ ဖြင့် စံချိန်တင်မြင့်တက်ခဲ့သည်။

“လတ်တလောအခြေအနေမှာ ရွှေကုန်ကြမ်းပြတ်သွားတဲ့အထိ ဝယ်ကြပါတယ်။ ဈေးကွက်မှာ ကုန်ပစ္စည်းပြတ်နေတဲ့အတွက် ဝယ်ထားသူတွေက ပြန်မရောင်းကြသေးပါဘူး၊ ကိုင်ထားကြတယ်။ ပြင်ပက ကုန်ကြမ်းပစ္စည်း အဝင်နည်းနေပါတယ်။ ဖေဖော်ဝါရီ ၄ ရက်က အမှုဆောင် အစည်းအဝေး လုပ်ပါတယ်။ တစ်နေရာနဲ့ တစ်နေရာ ဖုန်းနဲ့ အရောင်းအဝယ်လုပ်ရာမှာ ရွှေဈေးက ချက်ချင်းတက်နေတော့ တစ်ဦးနဲ့တစ်ဦး စကားမများရအောင် ရွှေထိငွေထိ(လက်ငင်းပစ္စည်းပေးငွေချေသည့်) ပုံစံဖြင့် ရောင်းဝယ်ကြဖို့ ပြောထားပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် စည်းကမ်းအတိုင်း ရောင်းဝယ်ကြဖို့ ပြောထားပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

“အခုကမ္ဘာ့ရွှေဈေးကျပါတယ်။ ပြည်တွင်း ဒေါ်လာလဲလှယ်တဲ့နှုန်းလည်း အနည်းငယ်ပြန်ကျပါတယ်။ ကောလာဟလသတင်းတွေကို မယုံကြည်ကြပါနဲ့၊ ဆိုင်နဲ့အသင်းရုံးမှာ ရွှေလာဝယ်ပါက စိုးရိမ်ကြောင့်ကြမှုကြောင့် မဝယ်ပါနဲ့၊ ရွှေဈေးကပြန်ကျမှာပါ၊ အရှုံးပေါ်လိမ့်မယ်၊ ငွေကိုင်ပြီးစောင့်နေကြပါ”ဟု ၎င်းက ဆက်လက်ပြောသည်။

**အောင်သူရ**



## စပါးခွံမီးခိုးပေါင်းခံရည်ပြုလုပ်သုံးစွဲနည်း တောင်သူများထံ သွားရောက်သရုပ်ပြ

**မြင်းမူ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား လယ်ယာပစ္စည်းဖြစ်သည့်စပါးခွံဖြင့် ပေါင်းခံရည်ပြုလုပ်ကာ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် အပင်အားဆေးများ ပြုလုပ်သုံးစွဲခြင်းလက်တွေ့သရုပ်ပြမှုကို ဖေဖော်ဝါရီ ၄ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးရဲမြင့်သိန်းနှင့် ဝန်ထမ်းများက မြင်းမူမြို့နယ် လက္ကပင်ကျေးရွာတွင်လက်တွေ့ပြုလုပ်ခဲ့သည်။

လွယ်ကူစွာပြုလုပ်နိုင်ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများအတွက် များစွာအကျိုးပြုနိုင်သည့်နည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ စပါးခွံများကိုမီးရှို့ကာ ပိုက်မှထွက်ရှိလာသည့် ပေါင်းခံရေကို ရယူခြင်းပင်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ပေါင်းခံရည်ထွက်ရှိမှုအနေဖြင့် စပါးခွံတင်း ၄၀ လျှင် ၁၀ လီတာခန့်ရရှိနိုင်ပြီး ပေါင်းခံရည် တစ်လီတာအား ရေငါးဆမှ ၁၀ ဆအထိရောစပ်ကာ အပင်ငယ်များကို သေစေနိုင်သည့် ပေါင်းသတ်ဆေးအဖြစ် လည်းကောင်း၊ ရေ ၅၀၀ ဆမှ ၇၀၀ အထိ ရောစပ်အသုံးပြုပါက အမြစ်၊ အရွက်၊ အသီး၊ အပွင့်အားကောင်းစေသည့် အပင်အားဆေးအဖြစ် လည်းကောင်း၊ စားဖိုချောင်သုံးဟင်းချက်ပစ္စည်းများနှင့် ရောစပ်ကာ မှိုနှင့်အခြားပိုးမွှားအန္တရာယ်ကာကွယ်ဆေးများအဖြစ် ပြုလုပ်သုံးစွဲနိုင်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ရေတာရှည်မြို့နယ်၌ ဖရဲကို ရာသီစောစွာစိုက်ပျိုးနိုင်သူများသာ ဈေးကွက်ကောင်းကောင်းဖြင့် ရောင်းချခဲ့ရ

**ရေတာရှည် ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဖရဲစိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများစွာရှိပြီး ရာသီစောစွာ စိုက်ပျိုးနိုင်သူများသာ ဈေးကွက် ကောင်းကောင်းဖြင့် ရောင်းချခဲ့ရကာ နောက်ကျသူများအနေဖြင့် ဈေးနှုန်းကျဆင်းခြင်းအပြင် လက်ရှိ မြေငှားရမ်းစိုက်ပျိုးသူအချို့မှာ ဖျက်ပိုးကျရောက်မှုကို မထိန်းနိုင်တော့သည့်အဆုံး အခင်းလိုက်အဆုံးရှုံးခံလိုက်ရသည်ကို တွေ့ရှိရသည်။

“ဇူလိုင်လကတည်းက စိုက်ပျိုးရေးလုပ်ငန်းစလုပ်တာပေါ့။ အပင်ပျိုးထောင်၊ ပေါင်းဆွဲ၊ နှစ်တောင်ကြားတစ်ပင်စိုက်တယ်။ အပင်ပေါက် ၁၀ ရက်သားရတော့ အပင်အကြီး အလေးညှိတဲ့ မြေဩဇာ ဓွန်းဝက်လောက်ကျွေးတယ်။ နောက်အပင်ပေါင်ဆင်းလာပြီ အပွင့်ဖူးဝင်ပြီဆိုရင် အသီးဖမ်းစာအတွက် ကွန်ပေါင်းမြေဩဇာက အပင် ၅၀၀ ကို တစ်အိတ်နှုန်းကျွေးရတယ်။ တစ်ဧက အပင် ၁၃၀၀ နဲ့ ၁၄၀၀ ကြား စိုက်တဲ့အခါမှာ တစ်ပင်ကို တစ်လုံးနှုန်းပဲချန်တာ။ အစာကို နောက်ဆုံးလေးရစ်မြောက်မှာ အစာကြီးပိတ် ဂေါ်ထိုးလှန်ပြီး လက်တစ်ကုပ်စာကျွေးပြီးလို့ နှစ်လခွဲသားဆိုရင် ရေဖြတ်တယ်။ တစ်ပတ်ကြာပြီဆိုရင် ခူးလို့ရပြီ” ဟု တံတားကြီးကျေးရွာနေ တောင်သူဦးကိုကြီးက ပြောသည်။

တရုတ်ဈေးကွက်ကိုတင်ပို့ရာတွင် ကုန်တင်ယာဉ် တစ်ခေါက်လျှင် ဖရဲသီး အလုံးရေ ၁၂၀၀ ကျော်(၁၆ တန်)တင်ဆောင်နိုင်ပြီး မူဆယ်အရောက်ယာဉ်တစ်စီးလျှင် အသီးတင်ခ ကျပ် တစ်သိန်းခွဲခန့်နှင့် ကားခ ကျပ် ၁၆ သိန်းမှ ၁၈ သိန်းအထိ ပေးချေရကြောင်း၊ အသီးတင်ပေးလိုက်သူက မူဆယ်ပွဲရုံများရှိ ပွဲစားများကို ချိတ်ဆက်၍ ထိုပွဲစားမှတစ်ဆင့် တရုတ်နိုင်ငံမှပွဲစားဖြင့် ထပ်မံချိတ်ဆက်ကာ ရောင်းချရာတွင် ယာဉ်မောင်းပြောင်းလဲရသည်များလည်းရှိကြောင်း သိရသည်။

တရုတ်ဈေးကွက်ကို တင်ပို့သော ဖရဲသီးအရွယ်အစား စံနှုန်းသည် အလေးချိန် ၈ ပိဿာ မှ ၁၀ ပိဿာ အရွယ်ဖြစ်ပြီး တန်းမဝင်သောအသီးများအား နယ်ဈေးကွက်၌ ရောင်းချနေရသူများလည်းရှိနေသည်။ ပဲခူးတိုင်းဒေသကြီး အလယ်ပိုင်းဒေသဖြစ်သော ဒိုက်ဦးမြို့နယ်မှ ဖရဲစိုက်တောင်သူများသည် နှစ်စဉ်လိုလို မြေကေပြတ် အငှားဖြင့် လာရောက်စိုက်ပျိုးခြင်း၊ အကျိုးတူဖက်စပ်စိုက်ပျိုးသူများလည်းရှိနေရာ ရာသီအပြောင်းအလဲကြောင့် စိုက်ပျိုးရေမလုံလောက်သည့်အပြင် ရောဂါပိုးမွှားများကို နေ့စဉ်ဆေးပက်ဖျန်းနေသော်လည်း မနိုင်မနင်းဖြစ်နေသည့်အခြေအနေကြောင့် သီးလက်စ ဖရဲခင်းအား အရှုံးခံထားရစ်ခဲ့ကြောင်း ဖရဲခင်းစောင့်ပေးနေသူ မြောက်လွှတ်ကုန်းရွာနေသူက ပြောသည်။

“အခုစိုက်ထားတာက ခြောက်ဧကပေါ့ မြေငှားထားရတာ စတင်စိုက်ပျိုးချိန်ကတည်းကနေ ခုထိဆိုရင် မြေငှားခ၊ ထွန်ယက်ခ၊ မျိုးစရိတ်၊ လုပ်သားငှားရတာ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးအမျိုးမျိုး ကုန်ကျစရိတ်က သိန်း ၅၀ ကျော်သွားပြီ။ အခင်းအနေအထားက မကောင်းတဲ့အပြင် တရုတ်ဈေးကွက်ကလည်း အားရစရာမရှိတော့ ဆက်မလုပ်တော့ဘဲ အရှုံးနဲ့ပြန်သွားတာပါ”ဟု ၎င်းကပင် ပြောသည်။

အလားတူ အကျိုးတူစိုက်ပျိုးသူများအနေဖြင့်လည်း အရှုံးဖြင့်ရပ်တန့်သွားကြရပြီး ဖရဲစိုက်ပျိုးမည်ဆိုပါက ရာသီအစောဆုံးဈေးကွက်ရအောင် ရောင်းချနိုင်မှသာ အဆင်ပြေမည်ဟု သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**



## တာလေမြို့ နားအွန်ကျေးလက်ကျန်းမာရေးဌာန၌ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်

**တာလေ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းများကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက နားအွန်ကျေးလက်ကျန်းမာရေးဌာနဆေးခန်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းအစီအစဉ်တွင် ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ဝက်သက်-ဂျိုက်သိုး၊ bcg ကာကွယ်ဆေး၊ pcv ငါးမျိုးစပ်ကာကွယ်ဆေး၊ penta ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ opv ပိုလီယိုအစက်ချကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခြင်းများအပြင် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ကျော်မိုး(ပြန်/ဆက်)**

## ဆောင်းနေကြာများ အောင်မြင်ဖြစ်ထွန်းစေရန် မှိုကာကွယ်ဆေး ပက်ဖျန်း

**ကျောက်ထု ဖေဖော်ဝါရီ ၆**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ဆောင်းရာသီသီးနှံအဖြစ် ဆီထွက်သီးနှံနေကြာကို လယ်ယာမြေများ၌ စပါးပြီးသီးထပ်အဖြစ် စိုက်ပျိုးလျက်ရှိရာ စိုက်ခင်းတွင် မှိုကျရောက်မှုမဖြစ်စေရန် မှိုရောဂါကာကွယ်ဆေးများကို စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပက်ဖျန်းလျက်ရှိကြသည်။

“ စပါးရိတ်သိမ်းပြီး လယ်မြေမှာ သီးထပ်အဖြစ် နေကြာကို စိုက်ပျိုးတာပါ။ အပင်တွေ မှိုရောဂါကျရောက်မှုမရှိအောင် မှိုကာကွယ်ဆေးတွေကို ပက်ဖျန်းတာဖြစ်ပါတယ်” ဟု တောခလွန်ကျေးရွာ ကွင်းအမှတ် (၉၂) မှ နေကြာစိုက်ပျိုးသူ ဦးရဲမောင်က ပြောသည်။

နေကြာများစိုက်ပျိုးကြရာတွင် ကျောက်ထုဒေသ၌ ဆောင်းရာသီတွင် စိုက်ပျိုးမှု ဧက ၃၀၀ ခန့်ရှိကြောင်းနှင့် သီးနှံအရည်အသွေးပြည့်ဝရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိန်ကျော်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုး ကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။

---



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း

---



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း

---



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများ ကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း

---



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း

---




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပုံမှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း

---





အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ

---





အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်

---




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်

---




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်



## ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာလဲ

၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက သေချာ စိတ်ချရ၍ ကာကွယ်ဆေး ဟုတ်ပါသလား

၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း ထိုးနှံရန်လိုအပ်သည့် ကာကွယ်ဆေးပါလား

၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် ထိတွေ့ ဆက်ဆံနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

### COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စောင့်ရှောက်ရေးဝန်ထမ်းများ၊ ဇုံ/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်ရှိနိုင်သောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အဖြေပြည့်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မှတ်ဉာဏ်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
  နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူနာများပေါ်တို့ ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
  (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျဆင်းရောဂါ ရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်မျိုးမျိုးသုံးနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါလဲ**

ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားအပေါ်တွင် မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို (၂)ကြိမ် ထိုးနှံရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်သည့်ကာကွယ်မှုကို ပေးနိုင်မည် ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ယာယီခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ယာယီထုတ်ယူသုံးစွဲခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် နေ့စဉ်ကာကွယ်ဆေးထိုးတွင်စိုက်ထားမည့် နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မဖြစ်မနေယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။


Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



















**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကျိုက်မရောမြို့နယ်၌ ပဲတောင့်ရှည်စိုက်ပျိုးသူများ ပုံမှန်ဝင်ငွေရ

**ကျိုက်မရော ဖေဖော်ဝါရီ ၆**
ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာအတွင်းရှိ ပဲထောင့်ရှည် စိုက်ပျိုးသူတောင်သူများအနေဖြင့် ယခုကာလအတွင်း ပုံမှန်ဝင်ငွေရလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပဲတောင့်ရှည်စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာကိုယူ၍ တိုင်ထောင်စရာမလိုဘဲ မြေကြီးတွင် အလွှတ်စိုက်ပျိုးကြရာ၌ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် တစ်နေ့လျှင် ပဲတောင့် ငါးပိဿာခန့်ရပြီး ၅၀ ကျပ်သားတစ်စည်းလျှင် ငွေကျပ် ၅၀၀ ရရှိကြောင်း ပဲတောင့်ရှည် တိုင်လွတ်စိုက်ပျိုးသူ ကိုရဲနိုင်က ပြောသည်။

တိုင်ထောင်စရာမလိုဘဲ မြောင်းပေါင်ဖြင့် စိုက်ပျိုးပြီး နေ့စဉ်ရေလောင်းခြင်း၊ မြေဩဇာကျွေးခြင်းတို့ကို ပြုလုပ်ရပါသည်။ ပဲတောင့်ကို ခြောက်ရက်တစ်ကြိမ် ခူးယူပြီးဈေးများတွင် ဖောက်သည်သွင်းရကြောင်း၊ တစ်ရာသီလျှင် ပဲတောင့် ပိဿာချိန် ၂၀၀ ခန့်ရရှိကြောင်း ပဲတောင့်ရှည် စီးပွားဖြစ် စိုက်ပျိုးသူထံမှ သိရသည်။ **ချိုချို(ပြန်/ဆက်)**





# ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည့် ဒေသပြောင်းဖူးအစေးမျိုးများ အောင်မြင်ဖြစ်ထွန်းစေရန် မှိုကာကွယ်ဆေးများ ပက်ဖျန်းလျက်ရှိ

**ကျောက်ထု ဖေဖော်ဝါရီ ၆**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့တွင် ဒေသပြောင်းဖူးအစေးမျိုးများကို ဆောင်းသီးနှံအဖြစ် လယ်/ယာမြေများ၌ စပါးရိတ်သိမ်းပြီး သီးထပ်အဖြစ် စိုက်ပျိုးကြရာ စိုက်ခင်းတွင် မှိုကျရောက်မှုမဖြစ်စေရန် မှိုကာကွယ်ဆေးကို စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပက်ဖျန်းလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် စပါးရိတ်သိမ်းပြီး လယ်ယာမြေများတွင် သီးထပ်အဖြစ် ဒေသပြောင်းဖူး အစေးမျိုးများ စိုက်ပျိုးထားကြသည်။ အပင်များပိုးမွှားရောဂါ ကျရောက်မှု မရှိစေရန် မှိုကာကွယ်ဆေးများကို ပက်ဖျန်းထားခြင်းဖြစ်သည်ဟု တောခလွန်ကျေးရွာနေ တောင်သူ ဒေါ်ခင်ဝင်းမေက ပြောသည်။

ပြောင်းဖူးအစေးပင်များ ဆောင်းရာသီ၌ စိုက်ပျိုးမှုဧက ၃၀၀ ခန့်ရှိကြောင်းနှင့် သီးနှံအရည်အသွေးပြည့်ဝရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိန်ကျော်**

# ကွန်ဆိပ်ကျေးရွာ၌ စိုက်ဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖော်ထုတ်



**ရွှေဘို ဖေဖော်ဝါရီ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကွန်ဆိပ်ကျေးရွာတွင် စိုက်ဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကုန်ထုတ်လမ်းကို ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀ ဒသမ ၄၀၀ ဖြင့် တင်ဒါအောင်မြင်သော လင်းပန်းတိုင်ကုမ္ပဏီက မြေခင်းခြင်း အရှည်ပေ ၅၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေခင်းခြင်းနှင့် ယင်းအပေါ် ဂျင်း ၉ လက်မခင်းခြင်းကို လည်းကောင်း၊ ယင်းလမ်းပေါ်တွင် Box Culvert နှစ်စင်းနှင့် Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခမ်းအိအိဖြူထံမှ သိရသည်။

မိုးစပါး၊ နွေစပါးဆိုပြီး တစ်နှစ်ကို နှစ်သီးစိုက် ဆည်ရေသောက်လယ်ဧက ၈၀၀ ကျော်ရှိပြီး ကုန်ထုတ်လမ်းမရှိသဖြင့် လယ်ယာထွက်ကုန်များကို ရေဆိုးမြောင်းထဲမှ လှည်းများဖြင့် ခက်ခဲစွာဖြတ်သန်းသွားလာ သယ်ယူနေရကြောင်း၊ လယ်ယာသုံးစက်ကြီးများ ဝင်ထွက်ရန်ခက်ခဲကြောင်းနှင့် လယ်ယာထွက်ကုန်များ ဈေးကွက်အတွင်းသို့ အချိန်မီမရောက်သဖြင့် နစ်နာမှုများလည်း နှစ်စဉ်ကြုံတွေ့ရကြောင်း ကွန်ဆိပ်ကျေးရွာနေ တောင်သူ ဦးကျော်အေးက ပြောသည်။

ဆက်လက်၍ ယခုကုန်ထုတ်လမ်းပြီးဆုံးသွားပါက တောင်သူများအနေဖြင့် မိုးစပါး၊ နွေစပါးတို့ကို အချိန်မီစိုက်ပျိုး၍ လယ်ယာလုပ်ငန်းခွင်သုံး ခေတ်မီလယ်ထွန်စက်ကြီးများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ထွက်ကုန်သီးနှံများအား ထော်လာဂျီ မော်တော်ယာဉ်များဖြင့် ဈေးကွက်အတွင်းသို့ အချိန်ကုန်စရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ဒေါ်ခမ်းအိအိဖြူက ပြောသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# သောက်သုံးရေ အခက်အခဲဖြစ်သောနေရာများသို့ ရေဂါလန်ခြောက်ထောင် လှူဒါန်း

**မကွေး ဖေဖော်ဝါရီ ၆**
စက်ရေတွင်းပျက်ပြီး သောက်သုံးရေအခက်အခဲဖြစ်ကာ ရေသယ်ယူရန်ခက်ခဲသည့် နေရာများသို့ မကွေးမြို့နယ် ကြာကန်ကျေးရွာအခြေစိုက် ကျေးလက်မြေ ပရဟိတအဖွဲ့က မကွေး၊ နတ်မောက်၊ မြို့သစ်မြို့နယ်စပ်ဆုံရာရှိ ထန်းတောတိုက်များမှ ကျေးလက်နေ ပြည်သူများထံသို့ ရေများ လှူဒါန်းပေးလျက်ရှိကြောင်း ကြာကန်ကျေးလက်မြေ ပရဟိတအဖွဲ့မှ သိရသည်။



"မန္တလေးမြို့မှာ နေထိုင်တဲ့ မမြတ်မွန်အေးက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာမှာ အိမ်ခြေ ၁၀၇ ခု၊ အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ၅၄၂ဦးစာအတွက် သောက်သုံးရေဂါလန် ခြောက်ထောင်ကို ယမန်နေ့ နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ပါတယ်" ဟု မကွေးမြို့နယ် ကြာကန်ကျေးရွာမှ ကိုဇော်မင်းထိုက်က ပြောသည်။

"ယခုနှစ်မှာ ရေတွင်း၊ ရေကန်တွေမှာ ရေဝင်နည်းပြီး မကွေးမြို့နယ် ဆားတိုင်ကန်ရွာ၊ လက်ဆည်ကန်ရွာ၊ ကြာကန်ရွာအထက်ကန်တို့မှာ ရေဝင်နည်းပါတယ်။ မိုးရွာသွန်းမှု နည်းလို့ပါ။ တချို့ရွာတွေမှာ ရေတွင်း ရေကန်တွေ၊ စမ်းရေတွင်းတွေမှာ ရေနည်းနေပါပြီ" ဟု မကွေးနယ်မှ ဒေသခံတစ်ဦးက ပြောသည်။

**မကွေး ဝင်းမောင်**



# သက္ကပြုကျေးရွာ၌ ဘဝရှေ့ဆောင်အလင်းရောင် စာကြည့်တိုက်ဖွင့်လှစ်

**ယင်းမာပင် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သက္ကပြုကျေးရွာ အောင်သာဇေယျုံဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ ကျေးရွာပြည်သူများ စာပေဗဟုသုတများ ဖတ်ရှုလေ့လာနိုင်စေရန်အတွက် ကျောင်းထိုင်ဆရာတော် ဦးစီးဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများစုပေါင်း၍ “ဘဝရှေ့ဆောင်အလင်းရောင်” စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဦးစွာ စာကြည့်တိုက်အဆောက်အအုံဆိုင်းဘုတ်အား သက္ကပြုကျေးရွာ အောင်သာဇေယျုံကျောင်းတိုက်ဆရာတော် အရှင်အဂ္ဂဝံသနှင့် ခရိုင်ပြန်/ဆက် ဦးစီးမှူး ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အောင်သာဇေယျုံကျောင်းတိုက်ဆရာတော်က အဖွင့်သြဝါဒစကားမိန့်ကြားပြီး ခရိုင်ပြန်/ဆက်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ယင်းမာပင်ခရိုင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)ဥက္ကဋ္ဌ ဦးကျော်ဌေး(ပညာရေး-ငြိမ်း)နှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင် ဦးသန်းစိန်(ပညာရေး-ငြိမ်း)တို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားကာ မြို့နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းအားဖြင့် ကျေးရွာပြည်သူများ စာပေဗဟုသုတများရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စလင်းမြို့နယ်၌ သောက်သုံးရေဖူလုံစေရေး စက်ရေတွင်းတူးဖော်

**စလင်း ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြင်းခင်းသာကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် ၁၄ ဒသမ ၈ သန်း အသုံးပြုပြီး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



မြင်းခင်းသာ ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၅၀၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းတို့ကို စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်ရေတွင်းတူးဖော်ပြီးစီးကာ ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၁၂၀၀ ထွက်ရှိပြီး ကျန်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိရာ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၇ အိမ်၊ လူဦးရေ ၂၃၀ အား အကျိုးပြုသွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

“ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့တော့ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။ နွေရာသီကာလ သောက်သုံးရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို ဦးစားပေးအလိုက် ရွေးချယ်ပြီး ရေရှားပါးနိုင်မှုမရှိစေရေး ကျေးရွာပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က ပြောသည်။

**သူရိန်(မင်းဘူး)**

COVID-19

ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ




# မြောင်းမြခရိုင်၌ ခရိုင်အဆင့် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေး

**မြောင်းမြ ဖေဖော်ဝါရီ ၆**


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်လည်ပတ်ရန်ပုံငွေများဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ခရိုင်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးက မြောင်းမြခရိုင်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ခရိုင်အဆင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မြောင်းမြမြို့နယ်၌ ယူနစ်ပေါင်း ၉၀၊ အကျိုးပြုကျေးရွာပေါင်း ၁၁၆ ရွာ၊ ဝါးခယ်မမြို့နယ်၌ ယူနစ်ပေါင်း ၁၀၀၊ အကျိုးပြုကျေးရွာပေါင်း ၁၁၀၊ အိမ်မဲမြို့နယ်၌ ယူနစ်ပေါင်း ၈၄ ယူနစ်၊ အကျိုးပြုကျေးရွာပေါင်း ၁၂၈ ရွာတို့၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ် စသည့် လုပ်ငန်းခုနစ်မျိုးကို ကျေးရွာပေါင်း ၃၅၄ ရွာ၊ ယူနစ်ပေါင်း ၂၇၄ ယူနစ်တွင် တစ်ယူနစ်လျှင် ရန်ပုံငွေကျပ်သန်း ၃၀ နှုန်းဖြင့် စီမံကိန်းလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**



# ထီးချိုင့်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဖွဲ့စည်း

**ထီးချိုင့် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောင်ချမ်းသာ(၂)၊ အောင်သာကုန်း၊ နတ်အင်း၊ လှည်းကူး၊ ဟသ်ာ၊ တုံးပုံ၊ နန်းပေါင်း၊ မိချောင်းအိုက်၊ ကျွန်းချောင်း၊ ကွမ်းတုံ၊ ဇီးသောင်(နောက်)၊ ပေါက်ပင်ကွေ့(နောက်)၊ ပေါက်ကုန်း၊ ကျက်သရေချောင်း၊ ကြက်တကောင်ကျေးရွာတို့၌ ဆောင်ရွက်ခဲ့သည်။

စီမံကိန်းမိတ်ဆက်ရှင်းလင်းရာတွင် ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာတစ်ရွာချင်းစီသို့ သွားရောက်ပြီး စီမံကိန်း၏ သဘောသဘာဝ၊ ရည်ရွယ်ချက်၊ မူဝါဒနှင့်လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသခံများအား ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီရွေးချယ်ခြင်းနှင့် ကော်မတီဝင်များ တာဝန်ယူရမည့်လုပ်ငန်းများနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမွန်ထက်နှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ သွားရောက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

# မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ထီးချိုင့် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပေါက်နက်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်မြင့်သန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၂ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၃၇ သန်းဖြင့် မီးကြိုးသွယ်တန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြပြီး အသင်းသား ၁၉၇ ဦးအား ငွေကျပ် ၄၂ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း၊ ယခုအခါ အိမ်ခြေ ၃၀၈ အိမ်လျှပ်စစ်မီးလင်းနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြင့် (ပြွန်တန်ဆာအသင်းဝင်)
**လုပ်ငန်းမှူးကြီးကြပ်ရေးဦးစီးဌာန (ငြိမ်း)**
### အသက် (၈၃) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့၊ ချောင်းရင်းကျေးရွာနေ (ဦးစောမောင်–ဒေါ်စောတင်)တို့၏သားကြီး၊ (ဒေါ်ခင်အုန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှမြင့်)–ဒေါ်ကျင်လေး၊ (ဦးကံကြီး)–ဒေါ်ခင်လှိုင်၊ ဦးကျော်စိုး–(ဒေါ်ညွှန့်ညွှန့်သိန်း)တို့၏အစ်ကိုကြီး၊ ဦးမင်းကျော်ဇင်–ဒေါ်နန်းခင်နော်နော်လေး၊ ဦးညီညီလင်း–ဒေါ်ခင်ဝင်းလှိုင်၊ ဦးထင်ကျော်လင်း၊ ဦးဆန်းမျိုး–ဒေါ်ဇာဇာနှင်းဖြူတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၅–၂–၂၀၂၂ ရက် နံနက် ၁၀:၄၅ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁) ရပ်ကွက်၊ ကံကော်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇–၂–၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန့်
### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ခရေပင်လမ်းသွယ်၊ အမှတ် (၁၃၈/ခ)နေ (ဦးသော်ဒါ–ဒေါ်မြမြ)၊ (ဦးမောင်ထွန်း–ဒေါ်ဝင်း)တို့၏သား/သမက်၊ ဒေါ်စန်းစန်းအေး၏ ခင်ပွန်း၊ ကိုနေလင်းထွန်း–မခိုင်စန္ဒာဆွေ၊ ကိုဆန်းမင်း–မဥမ္မာစိုးတို့၏ဖခင်၊ မောင်သုထက်မြတ်၊ မောင်မင်းသုတတို့၏ ချစ်လှစွာသော အဘိုးသည် ၅–၂–၂၀၂၂ (သောကြာနေ့) ည ၉:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇–၂–၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁–၂–၂၀၂၂ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ခရေပင်လမ်းသွယ်၊ အမှတ်(၁၃၈/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်း
### အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၁၀၀)၊ မြေညီ(B)နေ (ဦးချိန်စီတပ်–ဒေါ်ကွေအင်း)တို့၏သား၊ (ဒေါ်မြအုန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝင်း–ဒေါ်သင်းသင်းလှိုင်၊ ဦးသန်းဝင်း–ဒေါ်ထားထားမြင့်၊ ဦးတင်ဝင်း–ဒေါ်ခင်မော်မော်တို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၅–၂–၂၀၂၂ (သောကြာနေ့) ည ၁၀:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၂–၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

## ဦးအောင်သူမောင်မောင်ကြီး
## CMA Shipping Line M.V APL RAFFLES
### အသက် (၅၀)

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး)–ဒေါ်သင်းသင်းမော်တို့၏ သားလတ်၊ ဒေါ်အေးအေးမေ၏တူ၊ ဦးစည်သူ–ဒေါ်ဥမ္မာဦးတို့၏ညီ/မောင်၊ ဦးနေသူမောင်မောင်ကြီး–ဒေါ်နှင်းပပခိုင်တို့၏အစ်ကို၊ မောင်ရှင်းသန့်စည်သူ၊ မောင်ဟိန်းသန့်စည်သူ၊ မသွန်းမြတ်ဖူးငုံတို့၏ချစ်လှစွာသောဦးလေး ဦးအောင်သူမောင်မောင်ကြီးသည် ၆–၂–၂၀၂၂ ရက် မလေးရှားစံတော်ချိန် နံနက် ၅:၀၅ နာရီတွင် သင်္ဘောပေါ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## လွမ်းဆွတ်သတိရခြင်း

သားသား ဒေါက်တာကောင်းမြတ်ကျော်လင်း (ဖိုးခွား) B.D.S (Yangon)၊ ဖေဖေ၊ မေမေ၊ မမတို့နဲ့ ခွဲခွာသွားတာ ၇–၂–၂၀၂၂ ရက်နေ့ဆိုရင် (၃) နှစ်ပြည့်ခဲ့ပြီ သားရေ၊ သားသားအတွက် ရည်စူးပြီး အလှူအတန်းတွေ လစဉ် လှူဒါန်းအမျှပေးဝေနေပါတယ်။ သားသားရောက်ရာဘုံဘဝက သာဓုခေါ်ပါ သားရေ အမျှ…အမျှ…အမျှ

**ဖေဖေ၊ မေမေ၊ မမ**
**အဝေရာလမ်း၊ ဘောက်ထော်**




**ဘုရား ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးစိန်ငွေး
**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ကကငွေ၊ အကျဉ်းဦးစီးဌာန**
### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၆) ရပ်ကွက်၊ ရဲသူရိန်လမ်း၊ အမှတ်(၂၇၅)နေ (ဦးသန်းညွန့်–ဒေါ်မုန်း)တို့၏သား၊ (ဦးမြင့်–ဒေါ်ချို)တို့၏သားသမက်၊ ဒေါ်ငွေးသီတာဦး(NIEC)၊ (ဦးဇော်လွင်ငွေး)–ဒေါ်စီစီကျော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါက်တာစည်သူအောင်၏ ချစ်လှစွာသောအဘိုး၊ ဒေါ်သန်းနွဲ့(ကကငွေ)၏ချစ်လှစွာသောခင်ပွန်းသည် ၅–၂–၂၀၂၂ (သောကြာနေ့) နံနက် ၅ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇–၂–၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းအေး (မြန်မာ့မီးရထား)
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၅၅)၊ အောင်မင်္ဂလာလမ်း၊ ၁၈(စီ)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ (ဦးဇင်းခွေး–ဒေါ်ဒေါ်ယုံ)တို့၏သား၊ (ဦးပါလေး–ဒေါ်ကျင်ထွေး)တို့၏သားသမက်၊ (ဦးဝမ်ရှိန်–ဒေါ်ခင်ထွေး)၊ (ဦးမြင့်ဆွေ–ဒေါ်ကြည်ကြည်သန်း)၊ (ဒေါ်စိန်တီ)တို့၏ညီ/မောင်၊ ဦးထွန်းလွင်–ဒေါ်အေးအေးစိုး၊ဦးညီညီဇော်–(ဒေါ်ရင်သန်း)၊ ဦးကိုကိုဇော်–(ဒေါ်ငွေတင်)တို့၏ အစ်ကို၊ ဒေါ်ရင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ Dr.ကောင်းထွန်း(AUSTRALIA)၊ ဦးရဲဝင်း–ဒေါ်သက်သက်ထွန်းတို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုးသည် ၂–၂–၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | Myanmar Economic Development Corporation Co., Ltd | [illegible] | [illegible] | [illegible] | [illegible] | Myanmar Economic Development Corporation Public Co., Ltd. | [illegible] | [illegible] |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၆၅ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၆၅) ဦး** တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၈၅၆) ခု | (၂၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၆၆) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၇) ခု | (၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မွန်ဆယ်) | (၂၈၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၆၁) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၆၄) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၀၈၇) ခု | (၁၉) ဦး |
| စုစုပေါင်း | (၇,၀၈၁) ခု | (၆၅) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၈-၁-၂၁ | ၂၉-၁-၂၁ | ၃၀-၁-၂၁ | ၃၁-၁-၂၁ | ၁-၂-၂၁ | ၂-၂-၂၁ | ၃-၂-၂၁ | ၄-၂-၂၁ | ၅-၂-၂၁ | ၆-၂-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၆,၃၇၈ | ၁၈,၂၇၁ | ၁၆,၃၂၆ | ၁၆,၂၇၉ | ၉,၀၁၉ | ၁၂,၃၅၇ | ၁၁,၁၉၆ | ၁၃,၈၄၆ | ၁၁,၈၃၃ | ၇,၀၈၁ |
| ပိုးတွေ့လူနာ | ၃၅၁ | ၃၆၃ | ၃၅၉ | ၂၈၀ | ၂၄၉ | ၃၁၀ | ၂၆၃ | ၁၇၂ | ၂၀၀ | ၆၅ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၁ | ၂.၀ | ၂.၂ | ၁.၇ | ၂.၈ | ၂.၅ | ၂.၃ | ၁.၂ | ၁.၇ | ၀.၉ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၈-၁-၂၀၂၁)ရက်နေ့မှ (၆-၂-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၃,၂၆၁) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေးလူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၇,၀၈၁) ဦး | (၂,၄၅၅,၆၉၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၆၅) ဦး | (၁၄၁,၃၆၉) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၃၁၄) ဦး | (၁၂၇,၇၄၃) ဦး |
| သေဆုံးသူနာ | (၂) ဦး | (၃,၁၇၀) ဦး |

- ယနေ့ သေဆုံးသူ (၂) ဦးသည် ရောဂါအခံရှိသူများဖြစ်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၃၁၄) ဦးတွင် -
  - ဆေးရုံများ - (၂၀၈) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၀၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သူများအား နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကြေးမုံ ယနေ့ ဖတ်စရာ

ကျေးလက်ဒေသများတွင် ယနေ့တိုင် မြင်တွေ့နေရသည့် မြန်မာတို့၏ မိရိုးဖလာ လက်မှုလုပ်ငန်းများ
စာမျက်နှာ » ၁၂

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့တွင်း ကျောက်စီ ရေမြောင်းများတည်ဆောက်
စာမျက်နှာ » ၂၁

ကွန်ဆိပ်ကျေးရွာ၌ စိုက်ဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်
စာမျက်နှာ » ၂၆

စလင်းမြို့နယ်၌ သောက်သုံးရေဖူလုံစေရေး စက်ရေတွင်းတူးဖော်
စာမျက်နှာ » ၂၇

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ချိန်၌ လာရောက်ကြမည့် ခရီးသွားဘုရားဖူးများ ဝင်ရောက်စားသောက်နားခိုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၆**

ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသော ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပြန်လည်ရောင်းချနိုင်ရန် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေးရှိ ရိုးရာထန်းတဲအရောင်းဆိုင်များအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း ပိုင်ထန်းတဲပိုင်ရှင် ဦးမောင်စန်းက ပြောသည်။

ကျောက်ပန်းတောင်း - ညောင်ဦး ကားလမ်းမကြီးဘေး ဝဲ/ယာတွင် ရိုးရာထန်းတက်လုပ်ငန်းဖြင့် ထန်းထွက်ပစ္စည်းများ ရောင်းချလုပ်ကိုင်လာခဲ့ရာ ကိုဗစ်- ၁၉ ရောဂါစတင်ဖြစ်ပွားချိန် ၂၀၂၀ ပြည့်နှစ် မတ်လ ဒုတိယပတ်မှစတင်ကာ ရိုးရာထန်းတဲဆိုင်များ ပိတ်ထားခဲ့ရပြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်ကြမည့် ဘုရားဖူးခရီးသွားများ ဝင်ရောက်စားသောက်နားခိုနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်း ပိုင်ထန်းတဲပိုင်ရှင် ဦးမောင်စန်းက ရှင်းပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❋



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ